

BASED ON A TRUE STORY
AUNG MYIN Publishing House
သုံးပန်လှ...
ဩစကြာ
ရတနာ(သုံး)ပါးကို
ဦးထိပ်မှာ(ပန်)ဆင်ထားလျှင်
ဘဝသာယာ(လှ)ပစေနိုင်ဟု
ဩဝါဒ ပေးခဲ့သည်။
ပိဋကလောကတွင် ဘိုးပင်းခေါင်၊
အဘအောင်ပင်းခေါင် စသော
နာမည်တို့ဖြင့် မြန်မာနိုင်ငံတွင်
ထင်ရှားကျော်ကြားခဲ့သည့်
ထွက်ရပ်လမ်းကြွမြန်းခဲ့သော
ပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိ
ဖြစ်ရပ်မှန်ဇာတ်လမ်း။

ဒဿနလက်ဆောင်

ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းကြောင့်
ငွေကြေးချမ်းသာဖို့ တော့ မသေချာပါဘူး
ဒါပေမယ့် ဒီဘဝမှာ ရော နောက်ဘဝမှာ ပါ
စိတ်ချမ်းသာသော ဘဝမျိုးကိုတော့
မလွဲမသွေ ရရှိစေနိုင်ပါတယ်။

တံခါးတချပ်ဟာ
ဖွင့်ထား၍ ရသလို ပိတ်ထား၍ လည်း ရပါတယ်၊
အခွင့်အရေးဆိုတာ တံခါးလိုပါပဲ၊
ဘယ်အရာကို ဝင်ခွင့်ပေးရပြီး
ဘယ်အရာကို ဝင်ခွင့်မပြုရဘူးဆိုတာတော့
သိထားဖို့ လိုပါတယ်။

သင့်နှုတ်ခမ်းပေါ်က အပြုံးကို

သင်မမြင်နိုင်ပါဘူး၊

ဒါပေမယ့် ထိုအပြုံးကြောင့်

အခြားသူများ မျက်နှာပေါ်မှာ အပြုံးများကိုတော့

မြင်တွေ့ရနိုင်ပါတယ်။

အရည်အချင်းဆိုတာ

ဘယ်အရာမဆို ဖြစ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်၊

အရည်အချင်းကို မှန်ကန်စွာ သုံးတတ်ရင်

လိုချင်တာရဖို့ မခက်ခဲလှပါဘူး။

ဆင်းရဲခြင်း ဆိုသည် မှာ

လူ့ဘဝတွင် မှတ်ကျောက်ပင် ဖြစ်ပါတယ်။

မိတ်ဆွေ အတုအယောင်များ နှင့်

ချစ်ခြင်းမေတ္တာ အတုအယောင်များကို

အရောင်ပြောင်းပေးနိုင်ပါတယ်။

ရေချိုရှိသော မြစ်အားလုံး

ရေငန်ရှိသော ပင်လယ်၌ အဆုံးသတ်ကြရသည် ။

နောက်ဆုံး ပူဆွေးခြင်း၌ သာ

မလွဲမသွေ အဆုံးသတ်ရပေမည်။

အောင်မြင်မှု ရနေသော အချိန်တွင်
ကူညီပံ့ပိုးပေးမည့်သူ များ သော်လည်း
ရှုံးနိမ့်သွားသော အခါမှာ တော့
မိမိ၏ စိတ်ဓါတ်ကိုသာ
အားကိုး၍ အဖော်ပြုကြရပေ၏။

သေဆုံးခြင်းသည်
ဘဝသစ်တစ်ခု၏ အစပင်ဖြစ်သည် ။
ထို့အတူ ဘဝသစ် စခြင်းမှာ လည်း
သေခြင်းတရားရှိရာသို့
ဦးတည်သွားနေရခြင်း ဖြစ်သည် ။

သောကနှင့် ပျော်ရွှင်ခြင်းရဲ့ ကြားမှာ
လမ်းတစ်လမ်း ရှိပါတယ်၊
ဦးတည်ချက်နဲ့ လျှောက်တဲ့ လမ်းဖြစ်ပါတယ်၊
လမ်းတစ်လျှောက်မှာ တော့
ပန်းနဲ့ တွေ့နိုင်သလို အလွမ်းနဲ့ လည်း တွေ့ရနိုင်ပါတယ်။

အချိန်ဆိုသော အရာသည်

အလှအပကို ရွေးချယ်ရာမှာ မြန်သော်လည်း

လူတစ်ယောက်ရဲ့ အဖွဲ့တွေကို ပြုပြင်ရာမှာ တော့

နှေးကွေးတတ်ပါတယ်။

သဘာဝတရားက

အလှအပတရားများကို ဖန်ဆင်းပေးနိုင်သော်လည်း

အလှတရားကတော့ သဘာဝတရားတွေကို

ဘယ်တော့မှ ပြုပြင်ပြောင်းလဲလို့ မရနိုင်ပါဘူး။

လှပခြင်းကို ရှာဖွေလိုလျှင်

တန်ဖိုးထားတတ်သူ ဖြစ်ပါစေ၊

ချစ်ခြင်းမေတ္တာကို ရှာဖွေလိုလျှင်

သစ္စာရှိသူအဖြစ်နှင့်သာ ရှိပါစေ

တုံ့ပြန်မှုနှင့် ထိုက်တန်မှုဆိုတာ

ဆက်စပ်မှု ရှိနေတတ်ပါတယ်။

စာရေးသူ၏ အမှာ စကား

ကျွန်တော် အဘအောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိ မှတ်
ရှိထားခဲ့တာ အတော်ကြာခဲ့ပေပြီ။ မှတ်မှတ်ရရ (၁၉၉၄) ခုနှစ်
ဝန်းကျင်ကဆိုတော့ (၂၃) နှစ်လောက် ကြာခဲ့ပြီ ဖြစ်၏။ ထိုအချိန် ပု
ပွား၊ တောင်ဦးရွာ၊ စင်မြင့်ရွာ၊ နမ္မား စသော နေရာများ ရောက်ခဲ့စဉ်
မှတ်တမ်းများ ရရှိအောင် အကူအညီပေးခဲ့သော ပုဂ္ဂိုလ်အချို့ပင် မရှိ
ကြတော့ပေ။ ယခင်ကတော့ မဂ္ဂဇင်းတစ်စောင်တွင် အခန်းဆက် ရေး
ပေးခဲ့ဖူးသည် ။ နောက်တော့ ကျွန်တော် ရေးသားခဲ့သော လုံးချင်း
အချို့တွင် သင့်တော်သလောက် ထည့်သွင်းခဲ့သည် ။ ယခုတော့ ပြည့်စုံ
သော လုံးချင်းအဖြစ်သို့ ရောက်ရှိခဲ့ပေပြီ။ လုံးချင်းအုပ်ရေ (၃၈၅) အုပ်
မြောက်အဖြစ် ထုတ်ဝေခွင့် ရသဖြင့်လည်း ကျေးဇူးတင် ကျေနပ်
မိသည် ။ ကျွန်ုပ်စာအုပ်များကို အစဉ်တစိုက် ထုတ်ဝေပေးခဲ့သော
အောင်မြင်စာပေ တိုက်ကိုလည်း များ စွာ ကျေးဇူးတင်ပါသည် ။ ဤ
မှတ်တမ်း ဝတ္ထုရှည်ကို ဖတ်ဖြစ်ပါက စာဖတ်သူ အတွက် တစ်စုံတ
သော သုတဖြစ်စေ ရသဖြစ်စေ ရရှိပါက ကြိုးစားအားထုတ်ရကြိုး နပ်
ပြီ ဟု ပန်ကြားရင်း စာဖတ်ပရိတ်သတ်များ နှစ်သစ်တွင် စိတ်ချမ်းသာ
ကိုယ်ချမ်းသာ အမှုဖြင့် ပြည့်စုံနိုင် ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သ
ပေးလိုက်ပါသည် ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ ...

(တြိစက္က)

# အခန်း (၁)
# ဝိဇ္ဇာဓရ နိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်သည် နံနက်ပိုင်းအချိန် ဘုရားဝတ်ပြုခြင်းကိစ္စများ ပြီးစီးသဖြင့် တပည့်ဖြစ်သူ မောင်တိုးအောင် ဝယ်ယူထားသော ပဲပြုတ်၊ နံပြား ၊ ဘိန်းမုန့်၊ လက်ဘက်ရည် အစရှိသော နံနက်ပိုင်း အတွက် စားသောက်စရာများ စားသောက်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်ရှုနေစဉ် ခြံဝန်းအတွင်းသို့ မိတ်ဆွေတစ်ဦး ဝင်ရောက်လာသည် ကို လှမ်းမြင်ရသဖြင့် အိမ်ရှင်တို့ ဝတ္တရားရှိသည့်အတိုင်း အိမ်ပေါက်ဝမှ ထွက်ကာ ဆီးကြို နှုတ်ဆက်ခြင်း ပြုလေသည် ။

"ဦးမင်းဟန်ပါလား၊ မတွေ့ရတာတောင် အတော်ကြာသွားပြီ၊ အိမ်ထဲကိုလာဗျာ၊ အေးအေးဆေးဆေး စကားပြောကြရတာပေါ့"

ဦးမင်းဟန်က ၎င်းယူလာသော ထီးကို အိမ်ပေါက်ဝမှာ ချိတ်ထားခဲ့ပြီးမှ အိမ်ထဲသို့ ဝင်လာသည် ။ ဦးမင်းဟန်မှာ အသက်(၆၀) ကျော် အရွယ်ရောက်ရှိလာပြီ ဖြစ်သော်လည်း လေးဆယ်ကျော် ငါးဆယ် လူလတ်ပိုင်းတစ်ဦးကဲ့သို့ ကျန်းမာစွာ သွားလာနိုင်သူ ဖြစ်သည် ။ အလုပ်တာဝန်မှ နားပြီးနောက်ပိုင်းမှာ လည်း ၎င်းပြုလုပ်လိုသော ဘာသာရေးကိစ္စများ ဆောင်ရွက်နေသူ ဖြစ်သည် ။

ကျွန်ုပ်နှင့် ဝါသနာတူသူဖြစ်သောကြောင့် ရှေးအခါက ထူးခြားသောနေရာများ သို့ အတူတကွ ခရီးသွားလာခဲ့ကြပေသည် ။

ဦးမင်းဟန်သည် အကျင့်စရဏပိုင်း၌ အတော်ပင် ကြိုးစားအားထုတ်မှုပြုရာ အတော်အသင့် ပေါက်မြောက်နေပြီဖြစ်ကြောင်း

လည်း သတင်းစကား ကြားခဲ့ရပေ၏။

ဦးမင်းဟန်မှာ အညိုရောင်အင်္ကျီ၊ လုံချည်တို့ ကို ဝတ်ဆင်ထားပြီး လွယ်အိတ်ကြီး တစ်လုံးကိုလည်း ပုခုံးမှာ လွယ်ထားလေသည် ။

"စောစောစီးစီး ဘယ်ကများ လှည့်ဝင်လာတာလဲ"

"မနက်စောစော ငါးထပ်ကြီးဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီး ပြန်ထွက်လာတာပါ၊ ဒီကနေ့မှ ခြောက်ထပ်ကြီးဘုရားကို သွားပြီး အဓိဋ္ဌာန် ဝင်ရမယ် ၊ မဝင်ခင် ခင်ဗျားကို သတိရတာနဲ့ လှည့်ဝင်လာတာပါ"

"ကောင်းတာပေါ့ဗျာ၊ မတွေ့ကြရတာလည်း အတော်ကို ကြာလှပြီ ပေါ့"

"လူချင်းသာ မတွေ့ကြရပေမယ့် ခင်ဗျားရေးတဲ့ စာအုပ်တွေကတော့ ဖတ်ရပါတယ်၊ ခရီးသွားအတွေ့အကြုံတွေက အခုတော့ လုံးချင်းဝတ္ထု တွေ ဖြစ်လာခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်ဗျာ၊ ဒီအတိုင်းပါပဲ"

"ဒါထက် ခင်ဗျားရေးတဲ့ စာအုပ်တွေထဲမှာ ထွက်ရပ်ပေါက်သွားတဲ့ ပုဂ္ဂိုလ်တွေ အကြောင်းလည်း ပါတယ်နော်"

"ဟုတ်ပါတယ်"

"ယက္ကန်းစင်တော် ဆရာတော်အကြောင်း၊ ဗားမဲ့ဆရာတော်အကြောင်း၊ ဘိုးဘိုးအောင်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ဝတ္ထုသဘောမျိုးနဲ့ ဖတ်ရတယ်၊ အတော်လေးလည်း ပြည့်စုံပါတယ်"

"မှတ်သား စုဆောင်းထားတဲ့ အတွေ့အကြုံတွေကို ရေးကရှိခဲ့တဲ့ မှတ်တမ်းတွေ စာအုပ်စာတမ်းတွေမှာ ပါတဲ့ အချက်အလက်တွေနဲ့

ပေါင်းစပ်ပြီး ရေးခဲ့တာပါပဲ"

ကျွန်ုပ်က ဆေးဖြည့်ထားသော ဆေးတံကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာ လိုက်လေသည်။

"တလောက ဘိုးဘိုးအောင် အကြောင်းကို အခြေခံပြီးတော့ ရေးသားတဲ့ ဝတ္ထုတစ်ပုဒ် ဖတ်လိုက်ရတယ်၊ အချက်အလက်တွေက အတော်ကလေး ပြည့်စုံပါတယ်၊ ကိုယ်တိုင် အဓိဋ္ဌာန်ဝင်နေတဲ့ သူတွေတောင် ခင်ဗျားလောက် ပြည့်စုံအောင် မရေးနိုင်ကြပါဘူး"

"စာရေးတာကတော့ ရေးတာပေါ့ ဦးမင်းဟန်ရယ်၊ ကိုယ်တိုင်တော့ ဖြင့် ဘာမှ ဟု တ္တိပတ္တိ မလုပ်ဖြစ်သေးပါဘူး"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ခင်ဗျားကိုယ်တိုင်က မလုပ်နိုင်သေးပေမယ့် အခြားသူတွေ လုပ်နိုင်ဖို့ နည်းလမ်းတွေ ပေးနေတာကလည်း နည်းတဲ့ ကုသိုလ်လားဗျာ၊ ကိုယ်မလုပ်နိုင်သေးပေမယ့် လုပ်နေသလိုပါပဲ"

"ဒါကတော့ မှန်ပါတယ်"

ဦးမင်းဟန်က သောက်လက်စ လက်ဘက်ရည်ကို လက်စသပ်လိုက်ပြီးမှ စကားပြန်ဆက်လေသည်။

"ကျွန်တော်လာတာ တခြားတော့ မဟုတ်ပါဘူး၊ သိချင်တာလေးတွေ မေးချင်လို့ ပါ"

"မေးပါဗျာ၊ သိတဲ့ အကြောင်းမျိုးဆိုရင် ပြောပြပေးပါ့မယ်"

"ခင်ဗျားက အရင်က နေရာအနှံ့ သွားလာခဲ့ဖူးတာဆိုတော့ ဝိဇ္ဇာတွေနဲ့ တွေ့ခဲ့ဖူးမှာ ပေါ့၊ ပြောပြပါဦး"

ကျွန်ုပ်က သောက်လက်စဆေးတံကို ဖွာလိုက်ပြီး ပြန်ချထားလိုက်သည် ။ ပြီးမှ ပြောပြသည် ။

"တွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ အများကြီးပေါ့ဗျာ၊ ဝိဇ္ဇာလမ်းစဉ်တွေက အများကြီး ရှိလေတော့ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တွေ့ခဲ့ရတာတွေလည်း ရှိတာပေါ့၊ ဒါပေမယ့် ဝိဇ္ဇာနဲ့ တွေ့နေတာတောင် ဝိဇ္ဇာဖြစ်နေမှန်း မသိခဲ့တာတွေလည်း ရှိတာပေါ့၊ ကိုယ့်မှာ ရှိတဲ့ ပါရမီအခံက နုသေးတော့ ပါရမီရင့်တဲ့ သူတွေနဲ့ တွေ့ရင် ဘယ်သိနိုင်ပါတော့မလဲ"

ဦးမင်းဟန်က လက်ခံသောအမူအယာဖြင့် ခေါင်းညိတ်ပြသည် ။

"ဒါထက် ခင်ဗျားလေ့လာထားပြီးသလောက် လောကီဝိဇ္ဇာလမ်းမှာ ဘယ်နှစ်မျိုးလောက်များ ရှိကြသလဲ"

"အရေအတွက်အရတော့ အများကြီး ရှိတာပေါ့၊ ဒီအထဲမှာ မှ အနှစ်ချုပ်လိုက်ရင်တော့ (၅)မျိုးပဲ ရှိပါတယ်"

"ပြောပါဦးဗျ"

ထိုအခါ ကျွန်ုပ်က လေ့လာထားသော ဝိဇ္ဇာများ နှင့်ပတ်သက်သည့် အကြောင်းများကို ပြောပြရပေသည် ။

ဝိဇ္ဇာငါးမျိုး ရှိသည် ။ ၎င်းတို့ မှာ ...

(က) အသိဝိဇ္ဇာ

(ခ) အတတ်ပညာဝိဇ္ဇာ

(ဂ) အကျင့်ဝိဇ္ဇာ

(ဃ) လောကဝိဇ္ဇာ

(င) လောကုတ္တရာဝိဇ္ဇာ တို့ ဖြစ်သည် ။

(က) အသိဝိဇ္ဇာဆိုသည် မှာ စာပေကျမ်းဂန်၊ ပိဋကတ်စာပေများကို နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို အသိဝိဇ္ဇာဟု သတ်မှတ်ကြသည် ။ ထိုမှ တဆင့် ကျင့်ကြံပွားများ အားထုတ်ကြ၍ အကြားအမြင်ရပြီး အသိဉာဏ်ပေါက်သော ပုဂ္ဂိုလ်များ ၊ မနောယသိဒ္ဓိပေါက်သော ပုဂ္ဂိုလ်များ ၊ အသိဉာဏ် (၅) ပါး၊ အသိဉာဏ် (၆)ပါး ပေါက်မြောက်သိမြင်သော ပုဂ္ဂိုလ်မျိုးကို 'အသိဝိဇ္ဇာ'ဟု သတ်မှတ်ကြသည် ။

(ခ) အတတ်ပညာဝိဇ္ဇာဆိုသည် မှာ အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်ပေါက်မြောက်သူတို့ ကို 'အတတ်ဝိဇ္ဇာ ' ဟု ခေါ်ဝေါ်သတ်မှတ်ကြသည် ။

(ဂ) အကျင်းဝိဇ္ဇာဆိုသည် မှာ 'ဒါနတရား၊ သီလတရားတို့ ကို အခြေခံ၍ အဓိဋ္ဌာန်ကျင့်စဉ်များကို ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်သူကို 'အကျင့်ဝိဇ္ဇာ' ဟု ခေါ်ဆိုနိုင်သည် ။

ဗုဒ္ဓဂုဏ်တော်ကိုးပါးအပါအဝင် ဂုဏ်တော်များကို ရည်မှန်းပြီး ကျင့်ကြံနေသူများ ၊ ကသိဏ်း(၁၀) ပါးထဲမှ တစ်ပါးပါးကို ကျင့်ကြံအားထုတ်ပြီး ပေါက်မြောက်အောင် ပြုလုပ်နိုင်ပါက အကျင့်ဝိဇ္ဇာဟု သတ်မှတ်နိုင်ပါသည် ။

(ဃ) လောကီဝိဇ္ဇာဆိုသည် မှာ လောကီအတတ်ပညာများ ဖြင့် သတ္တဝါများကို အန္တရာယ်ဖယ်ခွာ ပေးနိုင်ခြင်း၊ ရောဂါဝေဒနာများ ၊ မကောင်းမှုမှန်သမျှတို့ ကို ဖယ်ရှားပေးနိုင်ပြီး ကျမ်းမာချမ်းသာမှု ရအောင် ကူညီစောင့်ရှောက် ပေးနိုင်သူတို့ ကို 'လောကီဝိဇ္ဇာ'ဟု ခေါ်ဆိုတိုင်ပေသည် ။

ထိုပုဂ္ဂိုလ်များမှ သိဒ္ဓိဆယ်ပါးထဲမှ တစ်ပါးပါးသော သိဒ္ဓိကို ရရှိမှသာလျှင် လောကီဝိဇ္ဇာဟု ခေါ်ဆိုထိုက်ပေသည် ။

(င) လောကုတ္တရာဝိဇ္ဇာဆိုသည် မှာ သမထတရားကို ကျော်လွန်၍ (

၃၁) ဘုံဝင္ရုံဆင်းရဲမှ လွတ်မြောက်အောင် ဝိပဿနာတရားတို့ ကို ကျင့်ကြံအားထုတ်ပြီး မဂ်ဉာဏ်၊ ဖိုဉာဏ် ရရှိသည် အထိ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ကျင့်ကြံအားထုတ်နေသူများကို လောကုတ္တရာဝိဇ္ဇာ ဟု ခေါ်ဆိုထိုက်ပေသည်။

ကျွန်ုပ်က ဤသို့ အကျဉ်းချုပ် ရှင်းပြပြီးမှ ဆက်ပြောသည်။

"အဲဒီ ဝိဇ္ဇာငါးမျိုးကမှ အဆင့်အမျိုးမျိုးနဲ့ ပွားလိုက်တဲ့ အခါ အများ ကြီးခွဲထွက် လာပြီး ဝိဇ္ဇာပေါင်း ရှစ်သောင်းလေးထောင် ဖြစ်လာတာပေါ့ ဗျာ"

"ဒီငါးမျိုးအပြင် နောက်ထပ်ရှိသေးသလားဗျ"

"ရှိပါသေးတယ်၊ အင်္ဂဝိဇ္ဇာမိုရ်၊ ဇော်ဂျီဝိဇ္ဇာမိုရ်၊ သေသဝိဇ္ဇာမိုရ်၊ ဂါ ထာဝိဇ္ဇာမိုရ် ဆိုပြီး ငါးမျိုးခွဲထားတာလည်း ရှိသေးတယ်"

"နောက်ထပ် ဘာတွေကျန်သေးသလဲဗျ"

"အဲဒီမှာ ဂန္ဓာရီ ဝိဇ္ဇာမိုရ်တွေလည်း ရှိသေးတယ်၊ အဲဒီ ဝိဇ္ဇာတွေမှာ မှ ဆေးဝိဇ္ဇာ၊ အင်းစမဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဆိုပြီး ဝိဇ္ဇာကြီးလေးပါး ကိုလည်း ခွဲထားတာ ရှိသေးတယ်၊ ဝိဇ္ဇာလောကမှာ ထင်ရှားတဲ့ အဘ ဘိုးဘိုးအောင်ဆိုရင် အင်းစမအတတ်နဲ့ ထွက်ရပ်ပေါက်တာဆိုတော့ အင်းစမဝိဇ္ဇာ လို့ ခေါ်ဆိုထိုက်တာပေါ့"

"ဒါဖြင့် အဘဘိုးမင်းခေါင်ကို ဘယ်လို ဝိဇ္ဇာပုဂ္ဂိုလ်မျိုးလို့ သတ်မှတ် ကြသလဲ"

"အဘဘိုးမင်းခေါင်ကိုတော့ အကျင့်စရဏနဲ့ ပေါက်မြောက်ခဲ့တဲ့ ပုဂ္ဂိုလ်မို့ အကျင့်ဝိဇ္ဇာလို့ ခေါ်ဆိုနိုင်ပါတယ်"

"ဝိဇ္ဇာတွေအကြောင်း အကျယ်ပြောပြပါဦးဗျာ"

"ပြောပြရမယ်ဆိုတော့ ပြည့်ပြည့်စုံစုံလေး ပြောပ့ါမယ်"

ဤသို့ဖြင့် ဝိဇ္ဇာအကြောင်းကို အောက်ပါအတိုင်း အကျယ်ပြောပြဖြစ်လေသည် ။

'ဝိဇ္ဇာ' ဆိုသည် မှာ အသိပညာဉာဏ်ကို ဝိဇ္ဇာဟု ခေါ်ဆိုရပေသည် ။

ထိုအသိပညာဉာဏ်သည် သင်္ခတဟု ဆိုအပ်သော လောကီနယ်တွင် သိနိုင်သော ဉာဏ်ပညာနှင့် အသင်္ခတဟု ဆိုအပ်သော လောကီမှ လွန်မြောက်ခြင်းကို သိနိုင်သော ဉာဏ်ပညာဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည် ။

အဆိုပါ သင်္ခတဟု ဆိုခဲ့သည့် လောကီနယ်တွင် သိနိုင်သော ဉာဏ်ပညာတို့ ကို အဆင့်အတန်း ခွဲဝေဆုံးဖြတ်လျှင် များ စွာ ကျယ်ဝန်းပေသည် ။

အကြောင်းအမျိုးမျိုးတို့ နှင့် အတန်းအစား အမျိုးမျိုးတို့ ရှိသည့် အနက် (မန္တ) ဟု ဆိုအပ်သော အသိပညာနှင့် ဂန္ဓာရီရသေ့တို့ ၏ အသိဉာဏ်ပညာမှ ပေါက်ဖွားအပ်သော ဂန္ဓာရီဝိဇ္ဇာ၊ ဇော်ဂျီတပသီတို့ ၏ အသိဉာဏ်ပညာတို့ ပင် ဖြစ်သည် ။

မန္တဝိဇ္ဇာတို့ သည် အလွန်ထူးခြားဆန်းကြယ်လှ၏။ သာဓကများကို ဖော်ပြပါမည်။

ခင်္ဂီကမထေရ်အလောင်းသည် ဦးကျှောင်းခွံအရိုးဓာတ်ကို နှိုးအပ်သော မန္တာန်ဖြင့် စုပ်နှိုးလျှင် မိမိတို့ လားရာရောက်ရာဘဝကို အရိုးစုက ပြောကြားရသော (ဆဝသီသ) မန္တာန်။

ကောင်းကင်ကို မျှော်၍ မန္တာန်နှင့် မန်းလိုက်လျှင် ရွှေပန်း၊ ငွေပန်းဖြင့် မိုးရွာချရသော (ဝေဒဗ္ဗ) မန္တာန်။

ဥတောနဇာတ်၌ ဆင်တို့ ကို လာစေက လာပြီး၊ ပြန်စေက ပြန်စေနိုင်သော (ဟတ္ထိကန္တ) မန္တာန်။

ပဒကုသလဇာတ်၌ ဥစ္စာပစ္စည်းပျောက်လျှင် မန္တာန်ကို စုပ်နှိုးက သူခိုးဟု သိနိုင်သော (စိန္တာမဏိ) မန္တာန်။

ပေါရိသာဒဇာတ်၌ မန္တာန်ကို ရွတ်လိုက်လျှင် အဟန့်နှင့်တကွ၊ လေထဲသို့ လျင်မြန်စွာ ပြေးသွားနိုင်သော (ပဒလက္ခဏာ) မန္တာန်။

မြေ၌ မြှုပ်ထားအပ်သော ပစ္စည်းဥစ္စာရတနာ ရွှေ၊ ငွေ တို့ ၏ နေရာကို အသေအချာ သိနိုင်သော (ပြဟာဆတ္တ) မန္တာန်။

ပိုးရွ၊ ပုရွက်၊ ခြင်၊ မှတ်၊ ယင်၊ တိရိစ္ဆာန် သတ္တဝါကြီးငယ်တို့ ၏ စကားကို နားလည်နိုင်သော (သဗ္ဗရုတဓိဇာနာန) မန္တာန်။

ရေနဂါးတို့ ရုပ်ပြောင်းပြီးနေကြသော်လည်း ထိုနဂါးတို့ မည်သည့် နေရာမှ ပုန်းအောင်းနေသည် ကို သိနိုင်သော (နာဂပဿထ) မန္တာန်။

ကျားသေကို အသက်သွင်းသော ပဋိဝလုလင်ကဲ့သို့ သေပြီးသော သတ္တဝါတို့ ကို အသက်သွင်းနိုင်သော (မတုဋ္ဌာပန) မန္တာန်။

ဘူရိဒတ်ဇာတ်၌ နဂါးတို့ အလွန်ကြောက်စတတ်သော (သုပဏ္ဏာက) မန္တာန်။

မိလိန္ဒပဉ္စမထေရ် လူဖြစ်စဉ်က ကောင်းကင်မှ ပျံသွားပြီး စျာန်ကစားသလို နေနိုင်သော စူဠဂန္ဓာရီနှင့် မထေရ်ဖြစ်ပြီးမှ မဟာဂန္ဓာရီမျိုး၊ မန္တာန်တန်ခိုးဖြင့် တောသုံးတောင်ကို အုပ်စိုးရသော မြေခွေးမျိုးက ဗာရာဏသီမင်းနှင့် စစ်ထိုးမည်ပြုသော (ပထဝီဇယ) မန္တာန်။

ရေစင်ကို မန္တာန်နှင့်မန်း၍ သရက်ပင်ကို ပက်ဖျန်းပါက တမဟုတ်ချင်း သီးပွင့်ရသော (အကာလဖလ) မန္တာန်။

ရှေးခေတ်အခါက မန္တဝိဇ္ဇာများ ၏ မန္တာန်တန်ခိုး ထက်မြက်စူးရှ ဆန်းကြယ်မှုများ ရှိခဲ့သည် ။ ယနေ့အချိန်တွင် လည်း ရှိနေကြပါသည် ။ သို့သော်ရှားပါးသည် ။

ဂန္ဓာရီ ဝိဇ္ဇာအတတ်ပညာအကြောင်းကို ထည့်သွင်း ဖော်ပြပါမည်။

ဂန္ဓာရီ ဝိဇ္ဇာအတတ်ပညာသည် လည်း တန်ခိုးသတ္တိ ရှိပေသည် ။

သီလက္ခန်ပါဠိတော်၌ ဣဒ္ဓိပါဋိဟာရိက တန်ခိုးဖန်ဆင်းခြင်း အကြောင်းကို သာဓကအဖြစ် ဖော်ပြပါမည်။

ဂန္ဓာရီရသေ့သည် ပြုအပ်သော အတတ်ပညာရှိ၍ ထိုအတတ်ပညာ အစွမ်းဖြင့် များ စွာသော စစ်သည် ကို စစ်သည် တစ်ယောက်တည်းမှ ပွားများ အောင် ဖန်ဆင်းနိုင်၏ ၊ ထို့ပြင် များ စွာသော စစ်သည် တို့ အား စစ်သည် တစ်ဦး တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းနိုင်စွမ်း ရှိသည် ။

အခြားအစွမ်းသတ္တိ များမှာ မျက်မှောက်တူရူဖြစ်သော အရပ်သို့ လည်းကောင်း၊ မျက်ကွယ်ဖြစ်သော အရပ်သို့လည်းကောင်း၊ တံတိုင်း ခြားရာ တောင်ခြားရာ အရပ်များ သို့ လည်းကောင်း၊ ကျယ်ပြောပြန့်ပြူး သည့် ကောင်းကင်ပြင်ကဲ့သို့ မငြိမစွန်းပဲ သွားနိုင်၏။

ထို့ပြင် မြေပြင်ကို ရေပြင်ကဲ့သို့ ငုပ်နိုင် ပေါ်နိုင်၏။ မပြတ်စီးနေသော ရေ၌ လည်း မြေပေါ်မှာ သွားလာသကဲ့သို့ သွားနိုင်၏။

ထိုမျှသာမကပေ။ ကောင်းကင်၌ ငှက်များကဲ့သို့ သွားနိုင်၏ ၊ ထိုင်နိုင်၏။ ကြီးသော တန်ခိုးအရောင်ရှိကုန်သော လ၊ နေတို့ ကိုလည်း လက်ဖြင့် ဆုပ်ကိုင်နိုင်၏။ ဗြဟ္မာပြည် တိုင်အောင်လည်း သွားနိုင်၏။

အာဒေသနာ ပါဋိဟာရိယ တန်ခိုးဖြစ်သော သူတစ်ပါးတို့ ၏ စိတ်

အကြံအစည်ကို သိနိုင်သော တန်ခိုးသည် လည်း မဏိကဝိဇ္ဇာအတတ် ဖြင့်လည်း သိနိုင်ပေသည် ။

မဏိကဟု ခေါ်သော ဝိဇ္ဇာအတတ်ပညာမျိုးသည် တစ်ပါးသော သတ္တဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့ ၏ စိတ်အကြံအစည် အမျိုးမျိုးကို သိနိုင်၍ ဤမည်သော သူသည် ဤမည်သော အကြံအစည်ကို ကြံစည်နေသည် ၊ တောင့်တနေသည် ဟု ညွှန်ပြပြောဆိုနိုင်၏။

မဏိကမည်သော ပညာသည် စိန္တာမဏိအမည်ရှိသော အတတ်ပညာပင် ဖြစ်သည် ။ ထိုအတတ်ပညာဖြင့် သူတစ်ပါး၏ စိတ်အကြံအစည် ကို သိနိုင်၏။

ထို့ပြင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လည်း စိန္တာမယတန်ခိုးအကြောင်း ဤသို့ ဟောထားတော်မူသည် ။

ဝိဇ္ဇာဓိုရ်ယောက်ျားသည် မိမိတတ်သော အတတ်ပညာကို စုပ်နှိုး၍ ရေးခြစ်လျှင် မထင်သော ကောင်းကင်ပြင်၌ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်ကိုင် ခြေလျင်တပ်၊ အထူးထူးအပြားပြား များ ပြားသော စစ်သည် ဗိုလ်ထု လူအစုအရုံးကို ဖန်ဆင်း၍ ပြနိုင်ကုန်၏။

ဤသည် လျှင် စိတ်ကမှန်းသိ ကြံတိုင်းသိသော စိန္တာမယိဒ္ဓိတန်ခိုးပေတည်း။

ထိုသို့ ဟောကြားတော်မူခြင်းကို တောက်ဆ၍ ကန္ဓာရီအတတ်ပညာမျိုး စိန္တာမဏိက၊ စိန္တာမယ အတတ်ပညာမျိုးတို့ သည် စျာန်၏ တန်ခိုးကဲ့သို့ ရှိပေသည် ။

ထိုသို့ ဝိဇ္ဇာပညာ (လောကီပညာ) ရပ်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ တန်ခိုးများ နှင့် ရောယှက်နေခြင်းကြောင့် ရဟန်းတော်များ တ

န်ခိုးပြခြင်းကို ဗုဒ္ဓမြတ်စွာဘုရား တာမြစ်တော်မူခဲ့ပေသည် ။

လောကီယဝိဇ္ဇာ အထက်လမ်းပညာကို ကြိုးကမ်းအားထုတ်ခဲ့သည့် ပုဂ္ဂိုလ်များကို ဖော်ပြပါမည်။

သရဘင်္ဂရသေ့၊

သုနေတ္တရသေ့၊

အာကာသရသေ့၊

ဒေဝိလရသေ့၊

အာဠာရရသေ့၊

ဥဒကရသေ့...

စသော ရသေ့ဆရာမြတ်တို့ သည် သမထလုပ်ငန်းတို့ ကို ကြိုးပမ်းအားထုတ်သဖြင့် ဈာန်ကို ရပြီးသည့်နောက် ထပ်မံအားထုတ်သည့်အခါ သိဒ္ဓိ မဟိဒ္ဓိများ တိုးပွားလာခဲ့ပေသည် ။ ၎င်းတို့ မှာ ဤသည် တို့ ဖြစ်သည် ။

(၁) အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းနိုင်သော (ဣဒ္ဓိဝိဓဉာဏ်)

(၂)နတ်တို့ ၏ မျက်စိကဲ့သို့ အသေးအကြီး အဝေးအနီး ဖြစ်သော အရာဝတ္ထုအမျိုးမျိုးတို့ ကို မြင်စွမ်းနိုင်သော (ဒိဗ္ဗစက္ခုဉာဏ်)

(၃) နတ်တို့ ၏ နားကဲ့သို့ အပိတ်အပင် အဆီးအတားမရှိ ကြားနိုင်သော (ဒိဗ္ဗသောတဉာဏ်)

(၄) သူတစ်ပါးတို့ ၏ စိတ်အကြံအစည်ကို ကေန်ကေ သိစွမ်းနိုင်သော (စေတောပရိယဉာဏ်)

(၅) ရှေးရှေးဘဝတို့ က ဖြစ်ပျက်တွေ့ကြုံခဲ့သည် ကို ပြန်လည်အောက်မေ့နိုင်သော (ပုဗ္ဗေနိဝါသဉာဏ်)

(၆) မိမိတို့ ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ ကို သိစွမ်းနိုင်သော (ယထာကမ္မုပဂဉာဏ်)

(၇) အနာဂါတ်အဖို့ ကို ကြိုတင်၍ သိစွမ်းနိုင်သော (အနာဂတသဉာဏ်)

အဆိုပါ ဉာဏ်များအားဖြင့် ထင်ရှားသော အသိဉာဏ်တရားတို့ ကို လျင်လျားလွယ်ကူ တကယ်ယူနိုင်သော ပုဂ္ဂိုလ်ကြီးတို့ ကို လောကီပညာရပ်တွင် အခေါင်အဖျား ထိပ်တန်း အကျဆုံး ဖြစ်သဖြင့် လောကီယဝိဇ္ဇာအထက်လမ်းပညာများ ဖြစ်လေသည် ။

ထိုဝိဇ္ဇာပညာတို့ ထက် လွန်ကဲထူးမြတ်သော အရိယာဝိဇ္ဇာတို့ မှာ ဘုရားပွင့်သော ကာလတွင် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခွင့် ရှိလေသည် ။

အထက်ပါအကြောင်းများကို ကျွန်ုပ်ကပြောပြရာ ဦးမင်းဟန်လည်းများ စွာ စိတ်ဝင်စားသော အမူအယာမျိုးဖြင့် နားထောင်နေပြီးမှ ပြန်မေးသည် ။

"ဒါထက် စကားစပ်မိလို့ မေးရဦးမယ်၊ အရင်က အဘအောင်မင်းခေါင်အကြောင်း ရေးဖို့ အတွက် ခရီးထွက်တော့ အဘရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ စင်မြင့်ရွာကို ရောက်ခဲ့ဖူးသေးတယ် မဟုတ်လား"

"ရောက်ခဲ့ရုံတင် ဘယ်ကပါ့မလဲ ဦးမင်းဟန်ရယ်၊ ကျွန်တော်သွားခဲ့တဲ့ ကာလတုန်းက စင်မြင့်ရွာနဲ့ တောင်ဦးရွာက လမ်းတောင် မပေါက်သေးတော့ ခက်ခက်ခဲခဲ သွားခဲ့ရတယ်၊ တောင်ဦးက ရွာခံတစ်ဦးက လမ်းပြပြီးတော့ လိုက်ပို့ပေးလို့ သာ ချောချောမောမော ရောက်ခဲ့ရတာ"

"ဒါထက် အဲဒီရွာရောက်တော့ ထူးထူးခြားခြား ဘာများ တွေ့ခဲ့ရသလဲ"

"စင်မြင့်ရွာမှ အဘနေခဲ့တဲ့ အိမ်ဝိုင်း၊ နေခဲ့တဲ့ ကျောင်း၊ သူကိုးကွယ်ခဲ့တဲ့ ဒက္ခိဏသာခါဘုရား၊ သူပိုင်တဲ့ ထန်းတော၊ အဓိဋ္ဌာန်ဝင်ခဲ့တဲ့ နေရာတွေပါ တွေ့ခဲ့တယ်၊ ဒ့ါအပြင် ပုပ္ပါးတောင်ရောက်တော့လည်း အဘနဲ့ ပတ်သက်တဲ့ ထူးထူးခြားခြား အကြောင်းအရာတွေလည်း သိခဲ့ရတယ်"

"ဘယ်သူတွေကများ ပြောပြလိုက်ကြတာလဲ"

"ပုပ္ပါးတောင်ကလပ်မှာ အဘနဲ့ အတူ နေခဲ့ဖူးတဲ့ တပည့်ဟောင်းတွေ ရှိကြတယ်၊ နောက်ပြီး စင်မြင့်ရွာမှာ လည်း တူသားနောင်မယ်တွေနဲ့ ဆွေမျိုးသားချင်းတော် ရှိကြသေးတယ်ဗျ၊ သူတို့ ပြောပြလို့ အတော်များများ သိခဲ့ရတာပါ"

"ဒီအကြောင်းတွေကို အခြေခံပြီးတော့ လုံးချင်းဝတ္ထုတစ်ပုဒ်လောက်တော့ ရေးသင့်တယ်လို့ မထင်ဘူးလား"

ကျွန်ုပ်က လက်ဘက်ရည်တစ်ခွက်ု ငုံ့သောက်လိုက်ပြီးမှ ပြန်ပြောလိုက်သည် ။

"ဒီအကြောင်းတွေကို အရင်ကတော့ မဂ္ဂဇင်းတွေမှာ ရေးခဲ့ပါတယ်၊ ဒါပေမယ့် လုံးချင်းရေးဖို့ တော့ စိတ်ကူးသာရှိပေမယ့် အထမမြောက်သေးပါဘူး၊ အဆင်ပြေတဲ့ အချိန်မှာ တော့ အချက်အလက်ဟောင်းတွေကို ထပ်မံစုဆောင်းပြီးတော့ ရေးဖြစ်အောင် ကြိုးစားပ့ါမယ်"

"ဒီလိုရေးမှ လည်း ခင်ဗျားတာဝန်ကျေမှာ ပေ့ါ၊ ခင်ဗျားအနေနဲ့ အဘနဲ့ ပတ်သက်ပြီး တွေ့ခဲ့ရ ကြုံခဲ့ရတာတွေဟာ သာမန်လို့ တော့ ပေ့ါပေ့ါတွေးပြီး မေ့လျော့မနေနဲ့ ၊ ခင်ဗျားက စာရေးဆရာဆိုတော့ ဒီအကြောင်း

တွေကို လူတွေ သိအောင် စာပေနဲ့ ရေးသားတင်ပြရမယ့်တာဝန် ရှိပေတယ်"

"မှန်ပါတယ်"

"ကိုယ့်တာဝန်ကျေရမယ့် အလုပ်ကို တာဝန်မကျေရင်တော့ သာမန်လူတွေကတော့ ဘာမှ မသိကြလို့ ဘာမှ မပြောကြပေမယ့် ဝိဉာဏလောကရောက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သိကြတယ်၊ ခင်ဗျား သူတို့ ဒဏ်ပေးမှာ ကို မကြောက်ဘူးလား"

ဦးမင်းဟန်က ရယ်စရာသဘောမျိုးဖြင့် ပြောလိုက်သော်လည်း ကျွန်ုပ်စိတ်ထဲမှာ တော့ စိမ့်ကနဲ ဖြစ်သွားမိလေသည်။

"ခင်ဗျားပြောမှ ပဲ သတိပေးသလို ဖြစ်သွားပေတော့တယ်၊ ဒါကြောင့် အလျင်းသင့်တဲ့ တစ်နေ့မှာ အဘနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို စာအုပ်ဖြစ်အောင် ကြိုးစားရေးပေးပါ့မယ်"

ဦးမင်းဟန်က ကျေနပ်သွားသော အမူအရာဖြင့် ခေါင်းညိတ်ပြပြီးနေရာမှ ပြန်ထလေသည်။

"ကျွန်ုပ်လာတာ အခြားအကြောင်းကိစ္စတော့ မရှိပါဘူး၊ ခင်ဗျားကို အဲဒီအကြောင်းလေး သတိပေးချင်လို့ လာတာပါ၊ ခင်ဗျား သတိရပြီဆိုတော့ ပြန်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ကျွန်ုပ်စိတ်ထဲမှာ တော့ ဦးမင်းဟန်ရောက်လာသော ကိစ္စမှာ သာမန်မဟုတ်ပဲ ဝိဉာဏတို့ မှ လိပ်စာတပ်၍ ပေးပို့လိုက်သော အကြောင်းကိစ္စတစ်ခုသာ ဖြစ်ပေလိမ့်မည်ဟု တွေးတော နေမိပေတော့သည်။

*****

## အခန်း(၂)
## လိပ်စာမလိုသော ဝိဇ္ဇာများ

မြန်မာနိုင်ငံအဝှမ်းတွင် ပေပေါင်း တစ်သောင်းကျော် နှစ်သောင်း နီးပါးမြင့်သော တောင်မြင့်ကြီးများ အတော်များများ ရှိကြသည် ။ ဥပမာ အမြင့်ပေ (၁၉၂၆၉) ပေမြင့်သော ခါကာဘိုရာဇီတောင်မျိုး အပါအဝင် ဖြစ်သည် ။

အချို့တောင်မြင့်ကြီးများမှာ အမြင့်ပေရှိသော်လည်း လူသိမများကြ ပေ။ အချို့တောင် များကတော့ အမြင့်ပေ သိပ်မရှိသော်လည်း လူသိများ ကြသည့် တောင်အချို့လည်း ရှိကြပေသည် ။

ထိုအထဲတွင် ပုပ္ပါးတောင်လည်း အပါအဝင်ဖြစ်သည် ။

ပုပ္ပါးတောင်သည် တောင်မြင့်ကြီးများ စာရင်း၌ မပါဝင်သေည လည်း လူသိများ သော တောင်ဖြစ်သည် ။

အထူးအဖြင့် မဟာဂန္ဓာရီ လိုက်စားသူတို့ အတွက် မဖြစ်မနေအရော က်သွားကြရသော နေရာတစ်ခုလည်း ဖြစ်ပေသည် ။

ပုပ္ပါးတောင်တွင် ထိုအမည်အပြင် အခြားလူသိနည်းသေးသော တောင်အချို့လည်း ရှိပေသေးသည် ။

(၁)ပုဗ္ဗတောင်၊ (၂) ပုပ္ပတောင်၊ (၃) ပါးပုတ်တောင် ဟူသော အမည် ကွဲသုံးမျိုး ဖြစ်သည်။

'ပုဗ္ဗတောင်' ဟူသော ဝေါဟာရမှာ ယုန်လွှတ်ကျွန်း အရှေ့ဘက်၌ ရှိသဖြင့် ခေါ်ကြသည့် အမည် ဖြစ်သည်။ ရှေးအခါက ဘုရင်များ ထီးနန်းစိုက်ရာ ပုဂံပြည်၏ အရှေ့ (ပုဗ္ဗ) အရပ်၌ ရှိသောကြောင့် 'ပုဗ္ဗတောင်' ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

'ပုပ္ပတောင်' ဟု ခေါ်ကြခြင်းမှာ ပုပ္ပါးတောင်တွင် ပန်(ပပုပ္ပ) မျိုးစုံတို့ ပေါလှသောကြောင့် 'ပုပ္ပတောင်' ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

'ပါးပုတ်တောင်' ဟူသော ဝေါဟာရမှာ ရှေးအခါကပင် ပါးစပ် ရာဇဝင်တစ်ခုကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

အချင်းချင်း ပါးပုတ်ကြည်စယ်ရာမှ ပါးပုတ်ဖြစ် လာပြီး ပါးပုတ်မှ ပုပ္ပါးဟူသော ဝေါဟာရ ပြောင်းလဲခဲ့ကြောင်း ဖြစ်ပေသည်။

ပုပ္ပါးတောင်သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ ပါဝင်ပြီး ပုဂံမြို့ဟောင်းရှိသောနေရာနှင့်လည်း အလှမ်းမဝေးလှပေ။ အမြင့်ပေမှာ အမြင့်ဆုံး၌ ရှိသော မှန်ပြတောင်အထိ ပေပေါင်း(၄၉၈၀) ပေရှိပြီး အချင်းမိုင်မှာ (၁၂၀) အထိ ရှိပေသည်၊

ကမ္ဘာကျော် ဟိမဝန္တာတောင်တန်းကြီးတွင် ဝန်းရံနေကြသော တောင်ပေါင်းမြောက်များ စွာ ရှိကြသည် ၊ ထို့အတူ ပုပ္ပါးတောင်မှာ လည်း ဝန်းရံနေကြသည့် တောင်ပေါင်းများ စွာတို့ ရှိကြသည်။

ထိုတောင်များမှာ လည်း သာမန်မဟုတ်ကြပဲ အဓိဋ္ဌာန်ဝင်သူတို့ စိတ်ဝင်စားကြသည့် ကိုးနဝင်းကြေသော နေရာများ ပင် ဖြစ်ကြလေသည်။

ထိုတောင်များ အပြင် ကိုးနဝင်းကြေသော တောင်ကိုးတောင်၊ အိုင်

ကိုးအိုင်၊ ကုန်းကိုးကုန်း၊ ကန်ကိုးကန် စသော နေရာများ လည်း ရှိကြသေးသည် ။

ပလ္လင်ကိုးဆင့် စသောနေရာများ အပါအဝင် အောင်မြေကိုးဌာန၊ အုံဖွယ်ကိုးပါးတို့ လည်း ရှိကြရာ ပုပ္ပါးတောင်မှာ ကိုးနဝင်းကြေသော နေရာတစ်ခုပင် ဖြစ်ပေသည် ။

ထို့ပြင် မဟာယဂန္ဓာလမ်းစဉ်ကို လိုက်စားကြသူတို့ အတွက်လည်း အောင်မြေကိုးဌာနအဖြစ် သတ်မှတ်ကြကာ အဓိဌာန်ဝင်ကြသောနေရာ ကိုးနေရာလည်း ရှိကြသည် ။

၎င်း အောင်မြေ ကိုးဌာနတို့ မှာ

(၁) သီလတောင်ဟု ခေါ်သော ဇာယနတောင်၊

(၂) နွားပြာတောင်ဟု ခေါ်သော လွှမ်းတောင်၊

(၃) နဂါးရာဇ်တောင်ဟု ခေါ်သော မျှော်တော်ယောင်တောင်၊

(၄) ကျောက်တင်းတိမ်၊

(၅) ရသေ့တောင်၊

(၆) သမဲကျင်း၊

(၇) မှန်ကင်းတောင်၊

(၈) ဇေယျသခ်ကုန်း၊

(၉) မှန်ကင်းအောက်တောင်၊

စသည် တို့ ဖြစ်ကြသည် ။

ထို့ပြင် ပုပ္ပါးတောင်မကြီးကို ဝန်းရံနေကြသော တောင်များ တွင်

ထင်ရှားသော တောင်များ လည်း ရှိကြသည် ။

ထိုတောင်များ တွင် လူသိများ သော ပုပ္ပါးတောင်ကလပ်သည် တစ်နေရာ ပါဝင်သည် ။

‘ပုပ္ပါးတောင်’ ဟု ပြောလိုက်သည် နှင့် တောင်မကြီးကိုပင် သတိမထားမိဘဲ တောင်ကလပ်ကို ချက်ချင်း သတိထားမိကြသည် ။

ပုပ္ပါးတောင်သို့ အဓိဋ္ဌာန်ဝင်ရန် သွားမည်၊ ဘုရားဖူးသွားမည် ဆိုပါက တောင်မကြီးရှိရာထက် တောင်ကလပ်ရှိရာသို့သာ ဦးတည်သွားကြသည် က များ သည် ။

‘တောင်ကလပ်’ ဟူသော အဓိပ္ပါယ်မှာ ‘အစုအဝေးဖွဲ့သောနေရာ’ တစ်ခုဟု ဆိုရပေသည် ။

ခေတ်မီသော နေရာများမှာ ဂေါက်ကလပ်၊ နိုက်ကလပ်၊ ပျော်ပွဲစားကလပ်များ တည်ထောင် ဖွင့်လှစ်ကြသကဲ့သို့ တောင်ကလပ်သည် အရက်သမားများ နှင့် အပျော်အပါး လိုက်စားသူများ လာလေ့မရှိဘဲ အဓိဋ္ဌာန်ဝင်သူများ ၊ သူတော်ကောင်းများ စုဝေးဆုံတွေ့ရာ တောင်ဖြစ်သဖြင့် တောင်ကလပ်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည် ။

ထူးထူးခြားခြား ကလပ်ပုံသဏ္ဌာန်နှင့် တူနေသောကြောင့်လည်း ထို ‘တောင်ကလပ်’ ဟူသော အမည်နှင့် များ စွာ လိုက်ဖက်လှပေသည် ။

ထိုတောင်ကလပ်ပတ်လည်တွင် ဂူပေါက်ဆယ်လုံးရှိပြီး ထိုဂူပေါက်များ တွင် ဝိဇ္ဇာဓိုရ်များ စုပေါင်းဆုံတွေ့ရာ ဖြစ်သောကြောင့် တောင်ကလပ်ဟု ခေါ်ဆိုကြခြင်းလည်း ဖြစ်ပေသည် ။

တောင်ကလပ်သည် ဆေးပင်များ ပေါသောနေရာ ဖြစ်သည် ။ ပုဂံနေပြည်တော် ထွန်းကားစဉ်က ပန်းတော်ဆက် မောင်ဗျတ္တနှင့် မယ်ဝဏ္ဏာ

တို့ ချစ်ကြိုးသွယ်ခဲ့ရာ နေရာ ဖြစ်သောကြောင့်လည်း ထိုပုပ္ပါးတောင်ကလပ် ဟူသော နေရာများကို လူသိများ လေသည် ။

ထို့ပြင် အိမ်တွင်း မင်းမဟာဂီရိနတ်နှင့် ပတ်သက်သော သမိုင်းကြောင်းများကြောင့်လည်း လူသိများ သည် ။

ထိုမျှသာမက ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး ဘိုးမင်းခေါင်ကို အကြောင်းပြု၍ လည်း ပုပ္ပါးတောင်နှင့် ပုပ္ပါးတောင်ကလပ်တို့ မှာ လူသိများ လေသည် ။

ကျွန်ုပ် ယခုရေးသားမည့် 'သုံးပန်လှ' ဝတ္ထုရှည်မှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး ဘိုးမင်းခေါင်အကြောင်းကို အခြေတည်ပြီး ရေးသားမည် ဖြစ်ပါသည် ။ သို့ဖြစ်၍ ရှေ့အခန်းများ တွင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး ဘိုးမင်းခေါင်နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများ ကို ဆက်လက်ရေးသားပါမည်။

အချိန်ကာလမှာ (၁၃၀၀) ပြည့်နှစ် (၁၉၃၈) ခုနှစ်ခန့်က ဖြစ်သည် ။

ယခုအချိန်မှ ပြန်လည်ရေတွက်ပါက နှစ်ပေါင်း (၇၉) နှစ်ကျော် (၈၀ ) ပြည့်နှစ် ဝန်းကျင်အချိန်ခန့် ကြာခဲ့ပြီ ဖြစ်သည် ။

(၁၉၃၈) ခုနှစ်ခန့်က မြန်မာတစ်နိုင်ငံလုံးမှာ စစ်ဘေးစစ်ဒဏ်များ ကြောင့် တိုင်းပြည် မငြိမ်မသက် ဖြစ်နေသော အချိန်ဖြစ်သည် ။

တိုင်းပြည်မငြိမ်မသက် ဖြစ်ရခြင်းမှာ (၁၃၀၀) ပြည့်နှစ်တစ်ဝိုက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တစ်တိုင်းပြည်လုံး အပြင်းအထန် လှုပ်ရှားမှုများ ပြုနေသည့် အခြေအနေကြောင့် ဖြစ်သည် ။

(၁၉၃၈) ခုနှစ် ဇန်နဝါရီလ(၈) ရက်နေ့တွင် (၁၃၀၀) ပြည့် အရေးတော်ပုံကြီးကို ဖြစ်ပေါ်စေသည့် ချောက်ရေနံမြေ အလုပ်သမား

များ ဘီအိုစီကုမ္ပဏီကို သပိတ်မှောက်သော အဖြစ်အပျက်နှင့် စတင်ခဲ့လေသည် ။

(၁၉၃၈) ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့တွင် သိမ်ကြီးဈေးဘက်၌ ကုလားမြန်မာ အဓိကရုဏ်း ဖြစ်ပွားရာ မန္တလေးအထိ ပျံ့နှံ့လေသည် ။

ထိုအချိန်က ဖြစ်ပွားခဲ့သော ကုလားမြန်မာ အဓိကရုဏ်းကြောင့် အိန္ဒိယလူမျိုး (၁၆၄)ဦးနှင့် မြန်မာ (၁၇)ဦး သေဆုံးခဲ့ကြောင်း မြန်မာပြည်ဘုရင်ခံ ဆာအာချီသောဒေါက်ကလပ်ကော့ကရိန်း ထုတ်ပြန်ကြေညာပေးခဲ့သည် ။ ထိုစဉ်က ကုလား-မြန်မာ အဓိကရုဏ်းကဲ့သို့ပင် ပြည်သူများကို စိတ်ဝင်စားစေသော အဖြစ်အပျက်များ လည်း ဖြစ်ပျက်နေကြသည် ။

၎င်းမှာ ချောက်ရေနံမြေမှ အစပျိုးခဲ့သော ရေနံမြေသပိတ်တပ်သားတစ်ထောင်ကျော် တို့ သည် မိုင်(၄၀၀)ကျော်ရှည်လျားသော ရန်ကုန်မြို့ရောက်အောင် ခြေလျင်ခရီးဖြင့် ချီတက် ဆန္ဒပြကြခြင်း ဖြစ်လေသည် ။

(၁၉၃၈)ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အပါအဝင် ကျောင်းပေါင်းစုံ ကျောင်းသားထုများက အတွင်းဝန်များ ရုံးကို ဝိုင်းပြီး သပိတ်မှောက် ဆန္ဒပြကြပြန်သည် ။

ဗြိတိသျှနယ်ချဲ့တို့ ၏ မြင်းစီးပုလိပ်များက သပိတ်မှောက်ကျောင်းသား ကျောင်းသူများအား အကြမ်းဖက်ကာ နှိမ်နင်းဖြိုခွဲကြလေသည် ။

ထိုသို့ အကြမ်းဖက်ကာ ဖြိုခွဲမှုကြောင့် ဂျပ်ဆင်ကျောင်းသား ကိုအောင်ကျော်သည် အတွင်းဝန်များ ရုံးကို ဝိုင်း၍ ဆန္ဒပြစဉ်က ရိုက်နှက်ခံခဲ့ရသည့် ဒဏ်ရာများကြောင့် (၁၉၃၈)ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်၊ (၁၃း၂၅)နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့လေသည် ။

ရေနံမြေမှ ချီတက်လာသော ရေနံမြေ သပိတ်တပ်ကြီးနှင့် ပဲခူးစီရင်စုမှ သပိတ်တပ်သားများ ပူးပေါင်းကာ လူအင်အား (၂၄၀၀) ခန့်မှာ ရန်ကုန်မြို့သို့ ရောက်ရှိ လာပြီး ရွှေတိဂုံကုန်းတော်ပေါ်၌ စခန်းချနေကြလေသည် ။ သို့ဖြစ်၍ ...

(၁၃၀၀)ပြည့်နှစ်၊ (၁၉၃၈)ခုနှစ် အချိန်ကာလသည် ဗြိတိသျှနယ်ချဲ့များ အထူးခေါင်းခဲ ရသောနှစ်လည်း ဖြစ်ခဲ့လေသည် ။

ထိုခေတ် ထိုအချိန်က တိုင်းပြည်မငြိမ်မသက် ဖြစ်နေသည် ဖြစ်၍ မြို့ ပြ များ မှာ နေထိုင်ကြသူများ သည် မနေဝံ့ကြသဖြင့် ကျေးလက်တောရွာများ သို့ ရွှေ့ပြောင်းနေထိုင်ကြလေသည် ။

ထိုသို့ အင်္ဂလိပ်တပ်များ အခြေမလှဖြစ်နေသော အချိန်တွင် မကြာမီ ဂျပန်တပ်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာတော့မည်ဟု သတင်းကြားနေပြန်သည် ။ သို့ဖြစ်၍ မြို့ပြများ တွင် မနေဝံ့ကြသဖြင့် စစ်ဘေးစစ်ဒဏ် လွတ်မည်ထင်သော ကျေးလက်တောရွာများ သို့ ရွှေ့ပြောင်း နေထိုင်ကြခြင်း ဖြစ်သည် ။

လွန်ခဲ့သည့် နှစ် (၈၀)ခန့်က ပုပ္ပါးတောင်ကြီး တည်ရှိသော နေရာသည် သစ်တောကြီးများ စိမ်းညို့ဖုံးအုပ်နေပြီး အေးချမ်းသောနေရာ ဖြစ်ခဲ့လေသည် ။

ပုပ္ပါးတောင်မကြီးပေါ်၌ မဆိုထားနှင့် တောင်ကလပ်ရှိသော နေရာတစ်ဝိုက်မှာ ပင် ကျွန်းတောကြီးများ ၊ ဝါးတောကြီးများ ၊ အခြားသစ်ပင်ကြီးများ ဖြင့် ပိတ်မှောင်ကာဆီးလျက် ရှိကြလေသည် ။

ဘယ်နေရာကြည့်ကြည့် သစ်တောကြီးများ ဖြင့် ညို့မှိုင်းနေလေသည် ။ သို့ကြောင့်လည်း တရားအားထုတ်သူများ အဓိဋ္ဌာန်ဝင်လိုသူများသည် ထိုနေရာသို့ မကြာခဏ ရောက် လာလေ့ရှိကြသည် ။

အချို့လည်း ဂူများ အတွင်းမှာ ပင် နေထိုင်ပြီး မိမိတို့ ပြုလုပ်လိုသော အဓိဋ္ဌာန်ကိစ္စများကို ပြုလုပ်ကြသည် ။

အချို့လည်း တောင်မကြီးနှင့် တောင်ကလပ်ဝန်းကျင် တစ်ဝိုက်မှာ ရှိသော ရွာများ သို့ သွားပြီး ရိက္ခာရှာဖွေကြသည် ။

အချို့က ရွှေ၊ ငွေ ပေး၍ ဝယ်ယူကြသည် ။

အချို့က အလှူခံကြလေသည် ။

ပုပ္ပါးတောင်မကြီးနှင့် တောင်ကလပ်အပါအဝင် ထိုနေရာတစ်ဝိုက်တွင် အဓိဋ္ဌာန် ဝင်နေကြသော ပုဂ္ဂိုလ်များ ထွက်ရပ်လမ်းအတွက် ကြိုးစားအားထုတ် နေကြသူများ အများ အပြား ရှိခဲ့ကြသည် ။

အရှင် မေဓနိယရသေ့၊ အရှင် မေသာရဒရသေ့၊ ဦးသီလ၊ ဦးဝိနယ၊ ဘိုးမင်းခေါင် အစရှိသော ပုဂ္ဂိုလ်တို့ မှာ ပုပ္ပါးတောင်တစ်ဝိုက်တွင် နေထိုင်ရင်း ထွက်ရပ်လမ်းအတွက် ကြိုးပမ်းအားထုတ် ခဲ့ကြသူများ ဖြစ်ပေသည် ။

ထိုပုဂ္ဂိုလ်များ အပြင် အခြားပုဂ္ဂိုလ် အမြောက်အများ တို့ လည်း ရှိကြပေသေးသည် ။

ထိုပုဂ္ဂိုလ်တို့ သည် ရိက္ခာအတွက် သော်လည်းကောင်း၊ အခြား ပစ္စည်းများ လိုအပ်၍ သော်လည်းကောင်း၊ ရွာများ သို့ ဆင်း လာလေ့ရှိကြသည် ။

အချို့လည်း တောင်ကလပ် အောက်ခြေ၌ ရှိသော ဈေးဆိုင်များ ရှိရာသို့ ရောက်လာကြကာ ၎င်းတို့ အလိုရှိသည့် ပစ္စည်းများကို အလှူခံကြလေသည် ။ ထိုအချိန်က တောင်ကလပ်အောက်ခြေ တဝိုက်တွင် နေထိုင်ကြသူများ ရှိကြလေသည် ။

အချို့လည်း အခြားစီးပွားရေး လုပ်ကြသည် ။ အချို့လည်း ထန်းတောများ၊ လယ်ယာများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးကြသည် ။

အ ချို့ မှာ တောင်ကလပ် ရောက်နေသူများ အတွက် အစားအသောက်များ ရောင်းချကြသည် ။ အချို့ဆိုင်များမှာ ထမင်းဟင်း မုန့်ပဲသွားရေစာများ အပြင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ မီးခြစ် စသော အခြားအသုံးအဆောင်များကိုပါ တွဲဖက် ရောင်းချကြသည် ။

အချို့လည်း ပန်းရောင်း၍ အသက်မွေးကြသည် ။ ပုပ္ပါးတောင် တစ်ဝိုက်မှာ ပန်းမျိုးစုံပေါလှသဖြင့် ခြံဖြင့်စိုက်သော ပန်းများ အပြင် အခြားတောတောင်အတွင်းမှ ရှာဖွေကြရသော ပန်းများကိုပါ လာ ရောက် ရောင်းချကြလေသည် ။

အချို့လည်း တောင်ကလပ်မှာ ဘေးမဲ့ပေးထားသည့် မျောက်များ အ တွက် အစာလာရောင်း ပေးကြလေသည် ။

ထိုအချိန်က တောင်ကလပ်တွင် မျောက်မျိုးစုံတို့ အကောင် အရေအတွက် အတော်များများ ရှိသည် ။

ပုပ္ပါးတောင်ကလပ်သို့ လာရောက်ကြသူတို့ မှာ အချို့က ထိုဆိုင်များ မှာ ပင် တည်းခိုကြလေသည် ။

ခေတ်ကာလ မကောင်းသောအချိန် ဖြစ်သဖြင့် တောင်ကလပ်သို့ လာရောက်သူ မများ လှပေ။ သို့သော် ထိုနေရာကို အမှီပြုပြီး စျေးရောင်းစားကြသူတို့ မှာ မချမ်းသာနိုင်ကြသော်လည်း နေ့စဉ်စား သောက်ဖို့ ငွေရှာင်ကြသည် ။

ထိုအချိန်က ကျောက်ပန်းတောင်းကားလမ်းဘက်မှ ပုပ္ပါးတောင်က လပ်ဆီ ထိုးတတ်သော လမ်းတစ်နေရာ၌ ထမင်းဆိုင်ကြီးတစ်ဆိုင် ရှိသ

ည် ။ ဆိုင်အမည်မှာ 'စေတနာထမင်းဆိုင်' ဟု အမည်ပေးထားသည် ။ ခြံဝန်းကျယ်ကျယ်ကြီး အတွင်း၌ နေအိမ်တစ်လုံးနှင့် ထမင်းဟင်းရောင်းချသော ဆိုင်အပြင် အိမ်ကျယ်ကြီးတစ်လုံးပါ ဆောက်ထားသေးသည် ။

ထိုအိမ်ကြီးတွင် ပုပ္ပါးတောင်ကလပ်သို့ ညအိပ်ညဥ့်နေ လာရောက်ကြသည့် ဘုရားဖူးဧည့်သည် တို့ အား သင့်တော်သော ငွေကြေးယူ၍ တည်းခိုခွင့် ပေးလေသည် ။

အချို့ ဘုန်းကြီးကျောင်းများ တွင် ဝင်ရောက်တည်းခိုကြသော်လည်း ဘုန်းကြီးကျောင်းတွင် မတည်းလိုသူများကတော့ စေတနာထမင်းဆိုင်တွင် လာရောက် တည်းခိုကြသည် ။

ထမင်းဆိုင်ပိုင်ရှင်တို့ က လာရောက်တည်းခိုသူတို့ ကို ထမင်းရောင်းချရသဖြင့် နှစ်ဘက်နှစ်လမ်း ဝင်ငွေရကြသည် ။

စီးပွားရေးလာဘ်မြင်သော ဆိုင်ရှင်တို့ က ထိုထမင်းဆိုင်နှင့် တွဲလျက် နေရာတစ်ခုတွင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ ရွှေဆိုင်း၊ ဆေးလိပ်၊ မီးခြစ် စသည် တို့ အပြင် တံဘက်စသော အသုံးအဆောင်များ ပါရောင်းသည် ။

ထို့ပြင် မျောက်စာ ကျွေးလိုသူများ အတွက်လည်း မျောက်စာပါ ရောင်းချပေးလေသည် ။

သို့ကြောင့် စေတနာထမင်းဆိုင်မှာ ထမင်းဟင်းရောင်းချခြင်းသာမက အခြားကုန်မျိုးစုံတို့ ပါ ရောင်းချသော ကုန်စုံဆိုင်ကြီး တစ်ဆိုင်လည်း ဖြစ်သည် ။ ထိုမျှသာမကသေးဘဲ ခရီးသည် များ တည်းခိုနေထိုင်ရန် နေရာများ ပါ စီစဉ်ပေးထားသောကြောင့် ရပ်ဝေးမှ လာရောက်ကြသည့် ခရီးသါးတို့ မပြတ်လှပဲ စည်ကားသော နေရာတစ်ခုလည်း ဖြစ်

ပေးသည် ။

ယခုနေရာမှာ တော့ စေတနာထမင်းဆိုင်ပိုင်ရှင် ဖြစ်ကြသော မိသားစုများ အကြောင်းကို ရေးသားဖော်ပြပေးပါမည်။

၎င်းတို့ မိသားစုမှာ အိမ်ထောင်ဦးစီး ဖြစ်သည့် ဦးစံပေါ်မှာ အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီး ဇနီးဖြစ်သူ ဒေါ်လှမေမှာ ငါးဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြေပြီ။

သားအကြီးဖြစ်သူ ထွန်းခက အသက် (၃၀) ဝန်းကျင်ခန့်ရှိပြီး အိမ်ထောင်ရှိသည် ။ မိန်းမဖြစ်သူက ပုပ္ပါးရွာသူ ဖြစ်ပြီး နာမည်က 'မယ်မြ' ဖြစ်သည် ။ ၎င်းတို့ လင်မယားမှာ အိမ်ထောင်ကျကာ (၅) နှစ်ခန့် ရှိပြီဖြစ်သောကြောင့် သားတစ်ယောက် သမီးတစ်ယောက် ရှိကြသည် ။

ထွန်းခက အိမ်ထောင်ကျပြီးသော်လည်း အိမ်မခွဲပဲ မိဘများ နှင့်ပင် အတူနေကာ ဖခင်ဖြစ်သူပိုင်သော ထန်းတောများကို ဦးစီးပြီး လုပ်ကိုင်ပေးနေသူ ဖြစ်သည် ။ မိန်းမဖြစ်သူ မယ်မြကတော့ အိမ်မှုကိစ္စများ နှင့် ထမင်းဆိုင် အလုပ်များအား ဝိုင်းဝန်းကူညီပေးရလေသည် ။

ခင်ခင်လေးက သမီးဖြစ်ပြီး အသက် (၂၀)ကျော် အရွယ်ခန့် ရှိသည် ။ အရွယ်ကောင်း ရုပ်ရည်ချောမောပြီး အနေအထိုင် တည်ငြိမ်သည် ။ ထိုသို့ တည်တည်နေတတ်သောကြောင့် မာနကြီးသူဟု ထင်ကြသည် ။ ခင်ခင်လေး၏ အောက်တွင် မောင်ငယ်တစ်ယောက်ရှိသည် ။ မောင်လှဟု အမည်ပေးထားပြီး အသက်အရွယ်က (၁၅)နှစ်ခန့်သာ ရှိသေးပြီး ဘုန်းကြီးကျောင်းတွင် စာသင်နေသည် ။ ကျောင်းစာမသင်ရသော အချိန်များမှာ တော့ အိမ်အလုပ်၊ ထန်းတောအလုပ်များကို ဝိုင်းဝန်းလုပ်ပေးလေသည် ။ ဦးစံပေါ်တို့ မိသားစုမှာ (၅) ယောက်ရှိသော်လည်း ချွေးမ ဖြစ်သူနှင့် မြေးနှစ်ယောက်ပါ ပေါင်းလျှင်တော့ (၈) ယောက်ရှိပေ

သည် ။

ပုပ္ပါးတစ်ဝိုက်တွင် ဦးစံပေါ်ပိုင်သော ထန်းတောများ လည်း ရှိရာ သားဖြစ်သူ ထွန်းခက ဦးစီးလုပ်ကိုင်လေသည် ။ မိဘများက စီးပွားရေး ချောင်လည်ကြသူများ ဖြစ်သောကြောင့် အိမ်ထောင်ကျပြီးသော်လည်း စီးပွားမခွဲပဲ အတူတကွပင် နေထိုင်ကာ လုပ်ကိုင်စားသောက် နေကြခြင်း ဖြစ်သည် ။

ထွ န်း ခ မှာ အိမ်ထောင်ကျပြီးသည့်လည်း  အသောက်အစားနှင့် လောင်းကစား ဝါသနာပါသူဖြစ်သည် ။ ထန်းရေသောက်၊ ကြက်တိုက် အလုပ်ကို ဝါသနာပါသဖြင့် မိဘများ မသိအောင် လျှို့ဝှက်စွာ လုပ်ကိုင်တတ်လေသည် ။

ထန်းရေက ဝယ်မသောက်ရသည့်လည်း လောင်းကစားလုပ်လျှင်တော့ ငွေလိုသည် ။ ငွေမရှိလျှင် မိန်းမဆီက တောင်းသည် ။ မိန်းမဆီက မရလျှင် နှမဖြစ်သူ ခင်ခင်လေးထံမှ ချော့မော့ပြီး တောင်းယူလေ့ရှိသည် ။

ထမင်းဆိုင်နှင့် ဈေးဆိုင်မှာ တော့ ခင်ခင်လေးနှင့် မယ်မြတို့ က တာဝန်ယူ လုပ်ကိုင်ပေးကြသည် ။ မယ်မြက ထမင်းဟင်းချက်ပြုတ်သော အလုပ်များ နေသော အချိန်တွင် ခင်ခင်လေးက ဆိုင်ထိုင်ပေးရသည် ။ ထွန်းခ ပြန်ရောက်လာလျှင်လည်း ဆိုင်အတွက် ဝိုင်းကူပေးလေသည် ။

တစ်နေ့တော့ ဈေဆိုင်တွင် ထွန်းခနှင့် မယ်မြတို့ နှစ်ယောက် ရှိနေကြစဉ် ခေါင်းပေါ်မှာ ဒေါက်ချာဆောင်းထားသော ရသေ့ကြီးတစ်ဦး ဝင်လာသဖြင့် မယ်မြက စားစရာအချို့ လောင်းသည် ။

"ကျုပ် တခြားပစ္စည်းလေးတွေ လိုချင်လို့ လာတာပါ"

ထိုစကားကြားတော့ မယ်မြက နောက်မှာ ထိုင်နေသော ထွန်းခကို တစ်ချက်ပြန်ကြည့်သဖြင့် နေရာမှ ထလာသည်။

"ဘာပစ္စည်း လိုချင်လို့ လဲ"

"ဖယောင်းတိုင်ထုပ်၊ မီးခြစ်၊ အမွှေးတိုင်ထုပ်တွေ ဝယ်ချင်လို့ ပါ"

ထိုအခါ ထွန်းခက ရသေ့ကြီး အလိုရှိသော ပစ္စည်းများကို စင်ပေါ်မှ ယူပြီး ချပေးလိုက်သည်။

"ဘယ်လောက် ပေးရမလဲ"

"နှစ်ကျပ် တစ်မတ်ဖိုးပါ"

ထိုအခါ ရသေ့ကြီး ခါးကြားထဲမှ ငွေပြားတစ်ပြား ထုတ်ယူပြီး ပေးလိုက်သဖြင့် ထွန်းခက လှမ်းယူပြီး အသေအချာ ကြည့်နေလေသည် ။

"ငွေသားနဲ့ လုပ်ထားတဲ့ ငွေပြားအစစ်ပါ၊ ရောင်းရင် လေးငါးဆယ် တော့ ရနိုင်ပါတယ်"

"ကျွန်တော်က ငွေပြားတွေ ဘာတွေအကြောင်း မသိတော့ အတုဖြစ် နေရင် ခက်မယ်၊ ပိုက်ဆံပါရင် ပိုက်ဆံပေးခဲ့ပါ"

"ငါတို့ က တန်ဖိုးမရှိတဲ့ ပိုက်ဆံတွေကို အလေးခံပြီး သွားလေရာ မ သယ်ဘူး၊ မင်း ဒီငွေပြားကို မသက်ာရင် ရွှေဂူချောင်းမှာ သီတင်းသုံးနေ တဲ့ ဘုန်းကြီးကိုသာ သွားပေးလိုက်ပါ၊ သူက မင်းလိုချင်တဲ့ ပိုက်ဆံ ပေး ပါလိမ့်မယ်"

ထိုသို့ပြောပြီး ရသေ့ကြီးက ဝယ်ထားသော ပစ္စည်းများကို လွယ်အိတ်ကြီးထဲသို့ ထည့်ပြီးနောက် ပြန်ထွက်သွားလေတော့သည်။

ထိုအချိန်က ပုပ္ပါးတောင်ခြေတစ်ဝိုက်တွင် ရှိသော ရွှေဂူချောင်းတောရကျောင်းတွင် သီတင်းသုံးနေသော ဘုန်းကြီးမှာ ဦးကောသလ္လဖြစ်သည် ။ ဦးကောသလ္လမှာ ပရိယတ္တိ၊ ပဋိပတ္တိ စသော အလုပ်များအပြင် ထွက်ရပ်ပေါက် လမ်းစဉ်များကို အားထုတ်ကြိုးစားနေရာ အတော်ပင် ခရီးပေါက်နေသော အခြေအနေမျိုး ရောက်နေသည့် ဘုန်းကြီးတစ်ပါး ဖြစ်သည် ။

ထိုအကြောင်းကို ပတ်ဝန်းကျင်မှာ နေထိုင်ကြသော ဒကာ/ဒကာမများကပင် မရိပ်မိကြပေ။

ထွန်းခက ထိုငွေပြားလေးကို ယူပြီး ဦးကောသလ္လကျောင်းသို့ သွားကာ ပြလိုက်ရာ ဘုန်းကြီးကယူ၍ အသေအချာစစ်ဆေးကြည့်ပြီးမှ မေးသည် ။

"မင်းကို ဒီငွေပြား ဘယ်သူပေးသွားတာလဲ"

"ဈေးဆိုင်မှာ ဈေးဝယ်လာတဲ့ ရသေ့ကြီးတစ်ယောက် ပေးသွားတာပါဘုရား"

"ဘာကြောင့် ငါ့ဆီ ယူလာတာလဲ"

"သူက စိတ်မချရင် ဘုန်းကြီးကို သွားပေးလိုက်လို့ မှာ သွားတာနဲ့ လာပေးတာပါ ဘုရား"

ဦးကောသလ္လက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးမှ မေးသည် ။

"ဒါဖြင့် ငါ့ကိုပေးတာပေါ့၊ မင်းဈေးဖို့ ဘယ်လောက်ကျသလဲ"

"နှစ်ကျပ်တစ်မတ်ပါ ဘုရား"

ထိုအခါ ဘုန်းကြီးက ကပ္ပိယတစ်ယောက်ကို ခေါ်ကာ ပြောလိုက်သည် ။

"ကပ္ပိယကြီး သူ့ကို ဈေးဖိုးအတွက် ငွေငါးကျပ် ပေးလိုက်ပါ"

ဟု မှာ ကြားပြီး အခန်းထဲ ဝင်သွားလေသည် ။

ထွန်းခကတော့ ဈေးဖိုးအပြင် အပိုငွေများ ရသဖြင့် များ စွာ ကျေနပ်ဝမ်းသာသွားလေသည် ။

"ဟန်ကျလိုက်တာ အပိုငွေက သုံးကျပ်နီးပါးလောက် ရတာဆိုတော့ ငါ့အတွက် ကြက်လောင်းဖို့ ငွေရပြီ"

ထို့နောက် ကပ္ပိယကြီးပေးသော ငွေငါးကျပ်ကို ယူပြီး ကျောင်းအတွင်းမှ ပြန်ထွက်သွားလေတော့သည် ။ ၎င်းထွက်သွားသည် ကို ဦးကောသလ္လက ကျောင်းခန်းအတွင်းမှ လှမ်းကြည့်ရင်း ရေရွတ်နေလေသည် ။

"အင်း လောကမှာ ကြောက်စရာကောင်းတဲ့ အရာတွေထဲမှာ မသိခြင်းဆိုတာလည်း ပါတာပါပဲလား၊ ဝိဇ္ဇာနဲ့ တွေ့လို့ ဝိဇ္ဇာမှန်းမသိကြ၊ ကိုယ့်လက်ထဲ ရောက်လာတဲ့ ပစ္စည်းဟာ ဘယ်လို သိဒ္ဓိရှိတဲ့ ပစ္စည်းဆိုတာ မသိကြပါလား၊ သူယူလာတဲ့ ငွေပြားနဲ့ ထိသမျှ ကြေးပြားသံပြားတွေ ငွေအဖြစ် ပြောင်းလဲနိုင်တယ်ဆိုတာ မသိလို့ သာ ငွေငါးကျပ်ရတာကို ပျော်ရွှင်သွားတာ ဖြစ်မယ်"

ထိုသို့ ရေရွတ်နေစဉ်မှာ ပင် ထွန်းခကတော့ အတော်ဝေးဝေးသို့ ရောက်သွားပေပြီ။

"ထွက်ရပ်ပေါက်လမ်း သွားတော့မယ့် ရသေ့ကြီးတစ်ပါးက ငါ့အတွက် အထောက်အပံ့ရအောင် သိဒ္ဓိရှိတဲ့ ငွေပြားကို လူမိုက်တစ်ယောက်နဲ့

ပို့ပေးလိုက်တာပဲ ဖြစ်မယ်၊ ဝိဇ္ဇာလမ်းရောက်နေတဲ့ သူတွေ အတွက်က တော့ သူတို့ ပေးချင်တဲ့ သူဆီရောက်အောင် လိပ်စာမလိုပဲ ပို့ပေးနိုင်ကြ တာပါပဲလား"

ဟု ပြောဆိုရေရွတ်ပြီးနောက် ခေါင်းတညိတ်ညိတ်နှင့် ထွန်းခ ထွက် သွားရာဘက်သို့ မျက်စိတဆုံး လှမ်းကြည့်နေပေတော့သည် ။ ဝိဇ္ဇာဆိုသူ တို့ မှာ လိပ်စာမလိုသော ပုဂ္ဂိုလ်ထူးများ ပင် ဖြစ်ကြပေတော့သည် ။

*****

# အခန်း(၃)
# တောင်ကလပ်ထိပ်မှ ပုဂ္ဂိုလ်ထူး

အချိန်ကာလမှာ (၁၉၃၈) ဝန်းကျင် အချိန်လောက်ဖြစ်ရာ မြန်မာနိုင်ငံ၏ အခြေအနေမှာ မငြိမ်မသက်ဖြစ်နေသော အချိန်လည်း ဖြစ်သည် ။ မျက်နှာဖြူနယ်ချဲ့များ အနေဖြင့် ထိုင်ခုံလှုပ်နေသော အချိန်အခါမျိုးလည်း ဖြစ်သည် ။

ထိုအချိန်ကာလလောက်က ပုပ္ပါးတောင်မကြီးနှင့် အနီးပတ်ဝန်းကျင်၌ သော်လည်းကောင်း၊ ပုပ္ပါးတောင်ကလပ် ဝန်းကျင်နေရာများ ၌ သော်လည်းကောင်း ယခုမျက်မှောက်ကာလ တွေ့မြင်ရသော အခြေအနေမျိုး မရှိသေးပေ။

နေထိုင်သူ လူဦးရေ နည်းပါးလှသည် ။ ပုပ္ပါးတောင်ကလပ်နှင့် နီးသော တောင်ခြေတစ်ဝိုက်တွင် ဈေးလည်း ရောင်းပြီး လူလည်း နေသော အိမ်ဆိုင်အချို့ ရှိသည် ။ တောင်ကလပ်နှင့် မဝေးလှသော မြောက်ဘက်မှာ တော့ ပုပ္ပါးရွာ ရှိသည် ။

သို့ကြောင့် ပုပ္ပါးတောင်သို့ လာရောက်ကြသူတို့ မှာ ဘုန်းကြီးကျောင်းများ ၌ သော်လည်းကောင်း၊ ထမင်းဆိုင်၊ ဈေးဆိုင်များ ၌ သော်လည်းကောင်း ညအိပ်ည၌နေ တည်းခိုနေထိုင်ကြရသည် ။ ထို

ဆိုင်များ ထဲမှာ ဦးစံပေါ်တို့ မိသားစုပိုင်သော စေတနာ ထမင်းဆိုင်လည်း အပါအဝင် ဖြစ်သည်။

ဦးစံပေါ်မှာ အသင့်အတင့် ငွေကြေးပြည့်စုံသူ ဖြစ်သဖြင့် သာရေး နာရေး အလှူအတန်းကိစ္စတို့ တွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက် ပေးရုံမကပဲ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပုဂံညောင်ဦးဘက် အစိုးရ အရာရှိအရာခံများ ပုပ္ပါးသို့ လာရောက်ကြသည့် အခါတိုင်း ၎င်းထမင်းဆိုင်တွင် ဝင်ရောက်စားသောက်ကြသည်။ ညအိပ်ညနေလာလျှင်လည်း ဝင်ရောက်တည်းခို တတ်သဖြင့် အတော်များများ နှင့် သိကျွမ်းခင်မင်မှုရှိကာ မျက်မှန်းတန်းမိနေသူ ဖြစ်သည်။

စေတနာထမင်းဆိုင်ကို လူသိများ သော အကြောင်းများ ထဲတွင် ဦးစံပေါ်၏ သမီးချော ခင်ခင်လေးကြောင့်လည်း အကြောင်းတစ်ချက် ပါဝင်ပေသည်။ ခင်ခင်လေးက အရွယ်ကောင်းခြင်း၊ ရုပ်ရည် ချောမောသည့်အပြင် အပြောအဆိုကလည်း သွက်လက်ချက်ချာသူ ဖြစ်သည်။ ခါးလောက်အထိရှည်သော ဆံပင်ရှည်ကို တစ်ပတ်သျှိုထုံးထားပြီး စကားဝါပန်းတစ်ပွင့် အမြဲပန်ထား တတ်သည်။ ပုပ္ပါးဒေသထွက်သနပ်ခါးလိမ်းထားပြီး ရိုးရိုးရှင်းရှင်းနှင့်ပင် နေတတ်သူ ဖြစ်သေည်လည်း သူမ၏ အလှတရားက ကျက်သရေရှိသော အလှမျိုး ဖြစ်သည်။ သို့သော် ခင်ခင်လေးက ရုပ်ချောသလောက် မာနတရားတော့ ရှိသူဖြစ်သည်။

အိမ်မှု ကိစ္စများက အစ်ကိုဖြစ်သူ ထွန်းခမိန်းမ မယ်မြက ဒိုင်ခံလုပ်ပေးသဖြင့် သူမက ဆိုင်ထိုင်သော တာဝန်ကို ယူရလေသည်၊ ခင်ခင်လေး ဈေးဆိုင်ထိုင်နေသော အချိန်မျိုးတွင် ဒေသခံကာလသားတို့ အဝင်အထွက် များ တတ်ကြလေသည်။ လာရောက် ပိုးပန်းကြခြင်း ဖြစ်သည်

။

ခင်ခင်လေးကို ပိုးပန်းနေကြသူတို့ တွင် ထိုအရပ်ဒေသတွင် နေကြသူ နှစ်ယောက်လည်း ပါဝင်လေသည် ။

တစ်ဦးက မြတ်ကျော်ဆိုသူဖြစ်ပြီး ကျန်တစ်ဦးက ကျော့မောင် ပင်ဖြစ်သည် ။ မြတ်ကျော်က အသက် (၂၅) နှစ် ကျော်ကျော်ခန့်ရှိပြီး ပုပ္ပါးရွာတွင် နေထိုင်သူ ဖြစ်သည် ။ ၎င်းဖခင်က ရွာသူကြီး ဖြစ်သည် ။ နာမည်မှာ ဦးဘိုးမှ င် ဖြစ်ပြီး ထိုနေရာတစ်ဝိုက်မှာ တော့ ဩဇာအာဏာရှိသူ တစ်ဦး ဖြစ်သည် ။ ဦးဘိုမှ င်းမှာ လယ်မြေယာမြေများ အပြင် ထန်းတောအချို့လည်း ပိုင်ဆိုင်ထားသည် ။

ထိုအလုပ်များကို အလုပ်သမားများ နှင့်သာ ထားပြီး မြတ်ကျော်ကတော့ ပင်ပင်ပန်းပန်း ဘာမှ မလုပ်ပေ။ မြတ်ကျော်မှာ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့် ဖြစ်ပြီး ရုပ်ရည်က သာမန်သာရှိသည် ။ မျက်နှာပေါ်မှာ ကျောက်ပေါက် အမာရွတ်အချို့ ရှိသောကြောင့် ရုတ်တရက်ကြည့်ပါက ရုပ်ဆိုးသူ တစ်ဦးကဲ့သို့ ထင်စရာ ရှိပေသည် ။

နောက်တစ်ဦးက ‘ကျော့မောင်’ ဆိုသူ ဖြစ်သည် ။ ၎င်းက အသက် (၃၀) ဝန်းကျင်အရွယ်ခန့်ရှိပြီး ညောင်ပင်သာ ရွာသားတစ်ဦး ဖြစ်သည် ။ ညောင်ပင်သာရွာမှာ ပုပ္ပါးတောင်ကလပ်နှင့် မဝေးလှသော ရွာများ တွင် တစ်ရွာအပါအဝင် ဖြစ်ပေသည် ။

ကျော့မောင်က ထန်းတောများ ပိုင်ဆိုင်ထားသူဖြစ်ပြီး ၎င်းပိုင်သော ထန်းတောများမှာ ဦးစံပေါ်ပိုင်သော ထန်းတောများ နှင့် တဆက်တည်း ရှိပေသည် ။

ထန်းတောချင်း နီးသည် က တစ်ကြောင်း အသက်အရွယ်ချင်းကလည်း တူသဖြင့် ကျော့မောင်နှင့် ထွန်းခတို့ က ခင်မင်ရင်းနှီးကြသည် ။

ထန်းရေသောက်ဖက်၊ ကြက်တိုက်ဖက် ဖြစ်ကြသည် ။

တစ်ခါတစ်ရံ ထန်းတောထဲမှာ ဖဲဝိုင်းပြုလုပ်လျှင်လည်း အတူတူပင် ဖဲရိုက်ဖက်များ ဖြစ်ကြသည် ။

ကျော့မောင်က အသားညိုညို အရပ်ပုပုနှင့် ကွမ်းကြိုက်သူ ဖြစ်သည် ။ ပါးစပ်ထဲမှ ကွမ်းမပြတ်ဝါးနေသောကြောင့် သွားများက နီရဲနေပြီး ကြည့်လျှင် သာမန်အသက်အရွယ်ထက် ပိုပြီး ရင့်ရော်နေသည် ဟု ထင်ရလေသည် ။

ကျော့မောင်က ထွန်းခကို အကြောင်းပြုကာ ထမင်းဆိုင်သို့ လိုက်လာတတ်ပြီး ခင်ခင်လေးကို ပိုးပန်းနေသူ ဖြစ်သည် ။

ခင်ခင်လေးကတော့ မြတ်ကျော်နှင့် ကျော့မောင်တို့ နှစ်ယောက်သဘောကို သိတန်သလောက် သိသဖြင့် ဣန္ဒြေရစွာနှင့် ဟန်မပျက် ပြောဆိုဆက်ဆံတတ်ပေသည် ။

ခင်ခင်လေးကို စိတ်ဝင်စားနေသူများ ထဲတွင် အခြားတစ်ယောက်လည်း ရှိပေသေးသည် ။

အခြားတော့ မဟုတ်ပေ။ နီမောင်ပင် ဖြစ်သည် ။

နီမောင်က ပုပ္ပါးနယ်သားတစ်ယောက်တော့ မဟုတ်ပေ။

ကြောင်လျှာတောရွာသား တစ်ဦးဖြစ်သည် ။ ကြောင်လျှာတောရွာမှာ ရေနံချောင်းနှင့် ကျောက်ပန်းတောင်းသွားသော ကားလမ်းနံဘေး၌ ရှိသော ရွာကြီး တစ်ရွာပင် ဖြစ်သည် ။

နီမောင်တို့ မိသားစုက ထိုရွာမှာ နေထိုင်ကြသည် ။

ဖခင်ဖြစ်သူက ဦးဘရှိန်၊ မိခင်ဖြစ်သူက ဒေါ်ကျင်မေဖြစ်သည် ။

လယ်မြေအချို့ ပိုင်ဆိုင်ထားသဖြင့် သင့်တင့်သော စီးပွားရှိသူများ ဖြစ်ကြသည် ။ နီမောင်သည် အသက် (၂၅) နှစ် အရွယ်ခန့် ရှိနေပြီး အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ရန် ဝါသနာပါသူ ဖြစ်သည် ။

သို့ကြောင့် တောင်ယာအလုပ်များကို ဖခင်ဖြစ်သူက အလုပ်သမားများ နှင့် ကြီးကြပ် လုပ်ကိုင်ပြီး နီမောင်ကတော့ ဒေသထွက်ကုန်များ အပြင် အခြားအဆင်ပြေသော ကုန်ပစ္စည်းများကို အရောင်းအဝယ်ပြုကာ နေရာအနှံ့ သွားလာနေသူ ဖြစ်သည် ။

ထိုသို့ သွားလာနေရင်းမှ ပုပ္ပါးတောင်ကလပ်သို့ မကြာခဏရောက်အောင် ဝင်သွားလေ့ရှိသည် ။ အကြောင်းကိစ္စက နှစ်ချက်ရှိသည် ။

တစ်ချက်က သူကိုယ်တိုင် အဓိဋ္ဌာန်ဝင်သော ကိစ္စကို စိတ်ဝင်စားသဖြင့် ပုပ္ပါးတောင်တွင် တစ်လတစ်ကြိမ်လောက် အဓိဋ္ဌာန်ဝင်ဖို့ သွားရောက်ခြင်း ဖြစ်သည် ။ အခြားအကြောင်း တစ်ချက်ကတော့ ပုပ္ပါးတောင်ခြေသို့ ရောက်သည့်အခါ စေတနာထမင်းဆိုင်၌ ဝင်ရောက်၍ စားသောက်တည်းခိုရင်း ခင်ခင်လေးနှင့် တွေ့လိုသောကြောင့်ပင် ဖြစ်သည် ။

ပုပ္ပါးတောင်သို့ တကူးတကသွား၍ အဓိဋ္ဌာန်ဝင်ရသော အကြောင်းကလည်း သူ့မှာ ရှိသည် ။

နီမောင်က ငယ်စဉ်ကပင် ဘာသာရေးနှင့် ပတ်သက်မှုများကို ယုံကြည်အားထားသူ ဖြစ်သည် ။ လူရွယ်တစ်ယောက် ဖြစ်သဖြင့် ထူးထူးခြားခြား အဓိဋ္ဌာန်ဝင်ခြင်းမျိုး မပြုလုပ်နိုင်သော်လည်း တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်လိုသော ဆန္ဒမျိုးရှိသူ ဖြစ်သည် ။

သို့ကြောင့် လုပ်ငန်းအတွက် သွားလာနေရင်းမှ ပုပ္ပါးတောင်ဖက်သို့ သော်လည်းကောင်း၊ ပုဂံညောင်ဦးဘက်သို့ သော်လည်းကောင်း ရောက်

ပါက ဘုရားများ သို့ သွားရောက်ကာ တတ်နိုင်သလောက် အဓိဋ္ဌာန်ဝင် ခြင်းမျိုး ပြုလုပ်တတ်ပေသည် ။

တစ်နေ့တော့ ပုပ္ပါးတောင်ကလပ်ထိပ်ပေါ်သို့ တက်သွားရာ အပေါ် ရောက်တော့ အသက်အရွယ်ကြီးလှပြီ ဖြစ်သော အဘိုးကြီးတစ်ယောက် နှင့် တွေ့ရသည် ။ လွန်ခဲ့သော နှစ်ပေါင်း (၈၀) ကျော်လောက်က တောင် ကလပ်ပေါ်သို့ တက်သောလမ်းမှာ ယခုကဲ့သို့ လှေကားများ အခိုင်အမာ မရှိသေးပေ။

သာမန် ဝါးလှေခါး၊ သစ်သားလှေခါးများ ထောင်ပြီး တက်ရောက်ရ သော အချိန်မျိုး ဖြစ်သည် ။

ထိုမတိုင်ခင် အချိန်ကတော့ တောင်ပေါ်တက်လိုလျှင် နွယ်ရှင်ကြီး များ ရေသောက်ဆင်းသော အချိန်ကို စောင့်ပြီး ၎င်းတို့ ပြန်တက်သွား သောအခါ တွဲခိုပြီး လိုက်သွားကြရသည် ။

(၁၉၃၈) ဝန်းကျင်လောက်က တောင်ပေါ်သို့ သစ်သားလှေခါး၊ ဝါး လှေခါးများ ထောင်၍ ခက်ခက်ခဲခဲ တက်ကြရပေရာ အသက်အရွယ်ကြီး သူများ တောင်ကလပ်ထိပ်ရောက်အောင် တက်ရောက်ဖို့ ရန် မလွယ် သော အချိန်အခါမျိုး ဖြစ်သည် ။

ထိုအချိန်အခါမျိုးတွင် အသက်အရွယ် ကြီးလှပြီဖြစ်သော အဘိုးအို တစ်ယောက်ကို တောင်ထိပ်ပေါ်၌ တွေ့ရသောအခါ များ စွာ အံ့သြသွား မိလေသည် ။

အဘိုးကြီးက အရှေ့ဘက်သို့ မျက်နှာမူလျက်ထိုင်ကာ ပုတီးစိပ်နေ လေသည် ။ နီမောင်တက်လာတာ မြင်တော့မှ ပုတီးစိပ်နေခြင်းကို ရပ် တန့်၍ အနောက်ဘက်သို့ လှည့်ကြည့်သည် ။

"ရောက်လာပြီလား"

"ဟုတ် ... ဟုတ်ကဲ့၊ ဒါထက် အဘက တောင်ထိပ်ပေါ်ရောက်အောင် ဘယ်လို တက်လာသလဲ"

"မင်းလိုပြ ခြေထောက်နဲ့ ပဲ တက်လာတာပဲပေ့ါကွာ"

ထိုသို့ ပြောသဖြင့် နီမောင်က မနီးမဝေးနေရာမှာ ဝင်ထိုင်လိုက်သည် ။

"အမိဌာန်ဝင်မလို့ တက်လာတာလား"

"ဟုတ်ပါတယ် အဘ၊ ကျွန်တော်က အသက်အရွယ်ငယ်သေးတော့ များများ တော့ မလုပ်နိုင်သေးပါဘူး၊ တတ်နိုင်သလောက် နည်းနည်းပဲ လုပ်ဖြစ်ပါသေးတယ်"

"အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ပါဘူးကွာ၊ လုပ်နိုင်သလောက် လုပ်ဖြစ်ဖို့ ပဲ လိုပါတယ်၊ သေမင်းက အသက်ငယ်တာ ကြီးတာ ကြည့်နေမှာ မဟုတ်ဘူး ၊ သူခေါ်ချင်တဲ့ အချိန် ခေါ်မှာ ပဲ၊ ဒီတော့ ဘယ်အချိန် ဘယ်အရွယ်ပဲ ဖြစ်ဖြစ် ကိုယ်လုပ်နိုင်သလောက် လုပ်ထားတာ စိတ်အချ ရဆုံးပေ့ါ"

နီမောင်က ခေါင်းညိတ်ပြလိုက်သည် ။

"ငါ မင်းကို ပြောစရာ မှာ စရာရှိလို့ လာပြီး စောင့်နေတာ"

"ပြောပါ အဘ"

"တစ်နေ့ကျရင် ဒီတောင်ကလပ်ကို ပုဂ္ဂိုလ်ထူးတစ်ယောက် ရောက်လာလိမ့်မယ်၊ မင်း သူနဲ့ တွေ့နိုင်အောင် ဒီကနေ လာစောင့်နေပါ"

"ဘယ်အချိန် ရောက်လာမှာ လည်း ဟင်"

"အချိန်အခါကတော့ ကြိုတင်ပြီး မပြောနိုင်ပေဘူး၊ ဒါပေမယ့် ပြော နိုင်တာ တစ်ခုကတော့ အဲဒီ ပုဂ္ဂိုလ်နဲ့ တွေ့ရပြီးတဲ့ နောက်ပိုင်းမှာ မင်း ဘဝအတွက် ပြောင်းလဲမှုတွေနဲ့ တွေ့ရမှာတော့ သေချာတယ်"

ထိုစကားကြားတော့ နီမောင်စိတ်ထဲမှာ အားရှိလာသကဲ့သို့ ဖြစ် လာ ပြီးနောက် ပြန်မေးလိုက်သည် ။

"ကျွန်တော်က အသက်အရွယ်ကလည်း ငယ်သေး၊ အတွေ့အကြုံက လည်း နုနယ်သေးတာကြောင့် အဲဒီလို ပုဂ္ဂိုလ်မျိုးနဲ့ တွေ့ရင်တောင် သိနို င်ပါ့မလား"

"မပူပါနဲ့ ကွာ၊ မင်းက အခုလိုပဲ ကိုယ်လုပ်ရမယ့် အလုပ်တွေကိုပဲ ဖြောင့်ဖြောင့်လုပ်နေပါ၊ မင်း သူနဲ့ တွေ့တဲ့ အခါ မင်းက သူ့ကို မသိပေမ ယ့် သူကတော့ မင်းကို သိနေမှာ ပါ၊ ဒီအတွက်တော့ စိတ်ပူမနေပါနဲ့ "

ထိုသို့ ပြောဆိုပြီး အဘိုးကြီးက နေရာမှ ထသွားလေတော့သည် ။

နီမောင်လည်း ထွေထွေထူးထူး ထပ်မံစဉ်းစားမနေတော့ပဲ ကိုယ်လုပ်ရမည့် အလုပ်များကို ဆက်လုပ်လေတော့သည် ။

ထိုကဲ့သို့ ပုပ္ပါးတောင်ထိပ်ပေါ်တွင် အဘိုးကြီးတစ်ယောက်နှင့် ဆုံ တွေ့ခဲ့ရသည် မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သော်လည်း စိတ်ထဲ၌ မမေ့ ပေ။

အရောင်းအဝယ်သွားရင် ကျောက်ပန်းတောင်းဘက် ရောက်သည့်အ ခါတိုင်း ထိုအကြောင်းကို သတိရနေသည် ။

ထို့ကြောင့် အချိန်ရလျှင် တောင်ကလပ်သို့ ရောက်အောင် သွားတတ် ပေ၏။ ထိုသို့ သွားသည့် အခါတိုင်း စေတနာ ထမင်းဆိုင်တွင် ဝင် ရောက်တည်းခိုရင်းမှ ခင်ခင်လေးနှင့် မျက်မှန်းတမ်းမိကာ သိကျွမ်းနေ

ကြခြင်း ဖြစ်သည်။

ယခင်က ပုပ္ပါးတောင်ကလပ်သို့ တကူးတကွ ဝင်ရောက်ခြင်းမှာ ပု တီးစိတ် အဓိဋ္ဌာန် ဝင်ချင်သောကြောင့် ဖြစ်သည်။

နောက်တော့ ပုဂ္ဂိုလ်ထူးတစ်ယောက်နှင့် မမျှော်လင့်ပဲ တွေ့ရမည် ဆိုသောကြောင့် တကူးတက ရောက်အောင်သွားခြင်း ဖြစ်သည်။

နောက်ပိုင်းတော့ ခင်ခင်လေးအပေါ် သံယောဇဉ် ရှိနေသောကြောင့် မရောက်ရောက်အောင် ဝင်ရောက်သွားလာနေခြင်း ဖြစ်သည်။

အဝင်အထွက် များ လာသောအခါ ခင်ခင်လေးကလည်း သူ၏ အတွင်းစိတ် အခြေအနေကို အကဲခတ်မိနေဟန်ဖြင့် တွေ့လျှင် ဖော် ဖော်ရွေရွေနှင့်ပင် ပြောဆိုဆက်ဆံတတ်လေသည်။

"ကိုနီမောင်ပါလား၊ ဒီတစ်ခေါက် တောင်ခြေဘက်မရောက်ဖြစ်တာ အတော်တောင် ကြာပါရောလား၊ အလုပ်တွေများ နေလို့ ထင်ပါရဲ့ "

"ဟုတ်ပါတယ်၊ ဒါကြောင့် စိတ်ကသာ ရောက်နေပေမယ့် လူက တော့ မရောက်ဖြစ်ခဲ့တာပါ"

ခင်ခင်လေးက တစ်ချက်မဲ့ပြုံးလိုက်သည်။

"အလုပ်များ တဲ့ သူဆိုတော့ ဒီလိုပေါ့လေ၊ ဒါထက် ခေတ်ကာလ အခြေအနေတွေက သိပ်မကောင်းဘူးလို့ ကြားမိတယ်၊ စီးပွားလည်း ရှာ သတိထားပြီးလည်း လုပ်ပေါ့ရှင်၊ ဒါထက် ဒီတစ်ခေါက်လာတာရော အေးအေးဆေးဆေးပဲ မဟုတ်လား"

"တောင်ပေါ်တက်ဦးမှာ ဆိုတော့ တစ်ညနှစ်ညတော့ နေဖြစ်မှာ ပါ၊ ဒီမှာ ပဲ တည်းခိုမှာ ဆိုတော့ နေရာတော့ ရနိုင်သေးတယ် မဟုတ်လား"

ထမင်းဆိုင်နှင့် တွဲထားသော အဆောင်ထဲတွင် လူအချို့ရှိနေသောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

"တစ်ယောက်စာလောက်တော့ ဘယ်နေရာမှာ ပဲ ဖြစ်ဖြစ် ဖြစ်အောင် စီစဉ်ပေးပါ့မယ်၊ တောင်ပေါ်တက်တဲ့ အခါမှာ သာ မယူတဲ့ ပစ္စည်းတွေ အပ်ထားခဲ့ပေါ့"

"ကျေးဇူးတင်ပါတယ်"

ထို့နောက် နီမောင်လည်း ပါလာသော အပိုပစ္စည်းများအား ခရီးဆောင်အိတ်ထဲထည့်ကာ အပ်ထားလိုက်သည်။

ပြီးမှ ထမင်းစားသောက်ပြီး လိုအပ်သော ပစ္စည်းများ ဝယ်ယူပြီးနောက် တောင်ကလပ်ပေါ်သို့ တက်ရောက်ရန် ပြင်လေတော့သည်။

ပုပ္ပါးတောင်ကလပ်မှာ အခြားတောင်များ နှင့် ဆက်စပ်မှုမရှိပဲ သီးခြား ထီးထီးမားမား တည်ရှိနေသော တောင်ထွတ်တစ်ခု ဖြစ်သည်။ ကျောက်တုံး, ကျောက်ပျဉ်, ကျောက်ထပ်, ကျောက်ချပ် တို့ က ထူးထူးခြားခြား အထက်အောက် ပင့်ထောက်ထားလျက်သား ရှိနေကြသည်။

အဝေးမှ ကြည့်ပါက မတ်မတ်စိုက်ထောင်ထားသော ကျောက်လုံးတိုင်ကြီးနှင့် များ စွာ အသွင်ပုံသဏ္ဍာန်တူလှပေသည်။

သို့ကြောင့် ရှေးအခါက တောင်ထိပ်ပေါ်သို့ ရောက်အောင်တက်ရန် မလွယ်ကူခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ လူသူမရောက်နိုင်သော နေရာမျိုးမှာ မှ သိဒ္ဓိရှိသော ဆေးပင်၊ ဂမုန်းပင်တို့ က ပေါက်ရောက်နေတတ်ပေရာ အလိုရှိသော ပုဂ္ဂိုလ်တို့ က ရောက်နိုင်သော နည်းလမ်းကို အသုံးပြုလျှက် တောင်ထိပ်ပေါ်သို့ အ

ရောက်တက်ကြပေ၏။

ပုပ္ပါးတောင်ကလပ်၏ အမြင့်ပေမှာ ပေပေါင်း (၂၄၁၇)ပေသာ ရှိသောကြောင့် မြင့်လှသည် တော့ မဆိုသာပေ။

သို့သော် တောင်၏ ပုံပန်းသဏ္ဍာန်က ကျောက်တိုင်ကြီးတစ်လုံး စိုက်ထောင်ထားသကဲ့သို့ မတ်စောက်လှသောကြောင့် တက်ရန်ဆင်းရန် မလွယ်ကူလှပေ။

ရှေးအခါကတော့ တောင်ထိပ်ပေါ်မှာ သာ ပေါက်လေ့ရှိသော ဆေးပင်, ဂမုန်းပင်များအား အလိုရှိပါက တောင်ထိပ်မှ ရေသောက်ရန် ဆင်းလာသော နွယ်ပင်ကြီးများကို အမှီပြုကာ တက်ကြဆင်းကြရသည် ။

အပေါ်ခွံမှာ ညိုဝါဝါ အရောင်အသွေးရှိလျှက် အတွင်းသားမှာ နီညိုညို အရောင်ရှိသည် ။ ဓားဖြင့် ခုတ်ထစ်ပါက သွေးရောင်နှင့်တူသော အနီရောင်အစေးများ ထွက်လာသည် ။

နွယ်ပင် အလုံးအရွယ်က လက်မောင်းလုံး၊ ပေါင်လုံး အရွယ်လောက်ထိ ကြီးသည် ။ တောင်ထိပ်မှာ သာ ပေါက်သော နွယ်ပင်ကြီးများမှာ တောင်ခြေရောက်သည် အထိ အလျားရှည်သည် ။

ထိုနွယ်ပင်ကြီးများမှာ မြွေကြီးများကဲ့သို့ လှုပ်ရှားသွား လာလေ့ ရှိသဖြင့် နွယ်ငန်း ပင်ကြီးများ ဟု ခေါ်ဝေါ်ကြသည် ။

ထိုနွယ်ငန်းပင်ကြီးများမှာ တောင်ထိပ်ပေါ်၌ သာ ပေါက်ရောက်လေ့ရှိသော်လည်း တစ်လလျှင် တစ်ကြိမ်, နှစ်ကြိမ်အထိ တောင်ခြေသို့ ရေသောက် ဆင်းလေ့ရှိသည် ။

မိုးရာသီတွင် တောင်ခြေသို့ ဆင်းသော အချိန်နည်းပြီး နွေရာသီရောက်လျှင်တော့ တစ်ပတ်တစ်ခါလောက် ဆင်းလာတတ်ကြသည် ။ ရှေးက

လူများ အသံများ လည်း ကြားကြရသည် ။ လျှောတိုက်ပြီး ဆင်းလာသည် မှာ ကြီးမားသော မြွေကြီးများ ဆင်းလာသည် နှင့် များ စွာ တူလှကြောင်း တွေ့မြင်ဖူးသူများက ပြောပြကြသည် ။

တောင်ပေါ်ရောက်အောင် တက်လိုသူများ နွယ်ငန်းပင်ကြီးများ ရှိသော နေရာဘက်မှ စိတ်ရှည်လက်ရှည်ဖြင့် စောင့်ကြရသည် ။

ရှေးအခါက ပုပ္ပါးတောင်ကလပ်တွင် နွယ်ငန်းပင်ကြီးများ ရေသောက်ဆင်းသော နေရာမှာ အနောက်တောင်ထောင့်စွန်း နေရာပင် ဖြစ်သည် ။ (ယခု မရှိကြတော့ပေ)။

တောင်ခြေမှာ စောင့်နေကြသူတို့ မှာ တောင်ထိပ်ပေါ်မှ သက်ရှိမြွေ တစ်ကောင်ကဲ့သို့ လျှောဆင်းလာသော နွယ်ငန်းပင်ကြီးများ ရေသောက်ပြီးသည် အထိ စောင့်ရသည် ။

ရေသောက်ပြီးသွားသောအခါ တောင်ပေါ်သို့ ပြန်တက်ကြလျှင် တွဲခိုလျက် လိုက်သွားကြရပေသည် ။ နွယ်ရှင်ကြီးများမှာ အလုံးအရွယ်အစား ကြီးလှသောကြောင့် လူတစ်ယောက်တွဲခိုလိုက်လာလျှင် အောက်သို့ ပြန်လျောမကျပဲ တက်မြဲတက်သွားရာ တောင်ထိပ်ပေါ်သို့သော်လည်းကောင်း၊ အလယ်လောက်၌ ရှိသော နေရာများ ၌ သော်လည်းကောင်း ရောက်သွားနိုင်ကြသည် ။

ပြန်ဆင်းသောအခါမှာ လည်း နွယ်ရှင်ကြီးများ ရေသောက်ဆင်းလာသော အချိန်အခါကို စောင့်ပြီး ဆင်းကြရသည် ။

အကယ်၍ တောင်ထိပ်ပေါ်သို့ ရောက်လိုနေပြီး နွယ်ရှင်ကြီးများ ရေသောက်ဆင်းလာသော အချိန်အခါမျိုးနှင့် မကြုံကြိုက်ပါက မိမိတို့ အစီအစဉ်ဖြင့် ကြိုးစားတက်ကြရသည် ။

မိမိတို့ ကိုယ်အလေးချိန်ခံနိုင်သော သစ်သားချိတ်၊ ဝါးချိတ်၊ စို့ချောင်းများ နှင့် နွယ်ပင် နွယ်ကြိုးများ အသုံးပြုလျှက် တွယ်ချိတ်ပြီး တက်ရောက်ကြရသည် ။

အချို့ရောက်နှင့်သူများက သစ်ပင်တွင် နွယ်ကြိုးများ ချည်၍ အောက်သို့ ချပေးထားခဲ့သဖြင့် ဆွဲတက်ရသည် မျိုးလည်း ရှိသည် ။

ရှေးအခါက ပုပ္ပါးတောင်ကလပ်တွင် မျောက်အုပ်များ သာရှိပြီး အစဉ်သဖြင့် နေထိုင်သော လူများ မရှိကြပေ။

(၁၂၈၆) ခုနှစ် ဝန်းကျင်အချိန်ရောက်မှ ပုတီးစိတ်သူ၊ တရားအားထုတ်သူတို့ တစတစ ရောက် လာပြီး နေထိုင်လာကြခြင်း ဖြစ်သည် ။

(၁၂၉၂) ခုနှစ် ဝန်းကျင်ရောက်သောအခါ တောင်ခြေတစ်ဝိုက်တွင် နေထိုင်သူများက တောင်ထိပ်ပေါ်သို့ တက်နိုင်သော လမ်းကို စတင်ရှင်းလင်း ခဲ့ကြခြင်း ဖြစ်သည် ။

နောက်ပိုင်း တဖြည်းဖြည်းနှင့် ကြိုးစားဆောင်ရွက်ခဲ့ကြရာ (၁၃ဝဝ)ပြည့် (၁၉၃၈)ခုနှစ်ရောက်သောအခါမှာ တော့ တောင်ထိပ်ပေါ်ရောက်သည် အထိ လမ်းပေါက်ခဲ့ပြီ ဖြစ်ပေသည် ။

အများအားဖြင့်တော့ တောင်ထိပ်ရောက်သည့်အခါ တွေ့ရသူတို့ မှာ ထွက်ရပ်လမ်း သွားမည့်သူနှင့် ဝိဇ္ဇာ၊ ဇော်ဂျီများ ဖြစ်သည် ကိုတော့ သာမန်လူတို့ မသိနိုင်ကြပေ။

တောင်ခြေသို့ ရောက်သောအခါ အပိုပါလာသော ပစ္စည်းအချို့ကို ထမင်းဆိုင်မှာ အပ်ထားခဲ့ပြီးနောက် တောင်ကလပ်ပေါ်သို့ တက်လေလသည် ။

ထိုအချိန်က တောင်ကလပ်ပေါ်သို့ တက်သောများ ပေါက်နေပြီ ဖြစ်

သော်လည်း ယခု မျက်မှောက်ကာလ အခြေအနေမျိုးကဲ့သို့ အဆင်ပြေ ပြေတက်နိုင်ခြင်းမျိုး မဟုတ်သေးပဲ သဘာဝလမ်းများ အတိုင်း တက်ကြ ရခြင်း ဖြစ်၏။

တောင်တက်လမ်း တစ်လျှောက်မှာ တော့ မျောက်အတော်များများ ရှိနေကြသည် ။ သို့သော် ရှေးအခါက မျောက်များမှာ လူတက်လာတာ မြ င်လျှင် ဝေးရာသို့ ထွက်ပြေးသွားတတ်ပြီး ယခုအချိန်ကဲ့သို့ အနီးရောက် သည် အထိ လာခြင်းမျိုးတော့ မရှိကြပေ။

တောင်ထိပ်ပေါ်ရောက်တော့ ညနေစောင်းအချိန်သို့ ရောက်နေပေပြီ ။ တောင်ထိပ်ပေါ်တွင် အပူငွေ့များ ရှိနေသေးသော်လည်း အေးမြသော လေကြောင့် အအေးဓါတ်က ရနေပေပြီ။

ထိုနေရာမှ မျှော်ကြည့်လျှင် အရှေ့ဘက်တွင် ရှိသော ပုပ္ပါးတောင်မ ကြီးကို ကောင်းစွာ မြင်ရသည် ။ အနောက်မှ အလင်းရောင်များက တောင်မကြီးပေါ်သို့ ကျနေသောကြောင့် ထင်ထင်ရှားရှား တွေ့မြင်နေရ သည် ။ တောင်မကြီး၏ အပေါ်ပိုင်းမှာ တော့ မြူခိုးငွေ့များက ရစ်သိုင်း လျှက် ရှိနေကြလေသည် ။

ထို့ပြင် ပုပ္ပါးတောင်ကလပ် ဝန်းကျင်တစ်ဝိုက်တွင် ဝန်းရံနေသော အခြားတောင်များ အပြင် စိမ်းညို့နေသော သစ်တောများ နှင့် ထန်း တောများကိုလည်း အပေါ်မှ လှမ်းမြင်နေရလေသည် ။

ကျောက်ပန်းတောင်း ကားလမ်းရှိရာဘက်ဆီမှ တစ်ခါတစ်ရံ ဖြတ် မောင်းသွားသော မော်တော်ကားစက်သံအချို့ကိုလည်း ကြားနေရသည် ။

တောင်ပေါ်တက်သော လမ်းများမှာ ဖောက်ထားတာ မကြာသေး သောကြောင့် ချောချောမွေ့မွေ့ မရှိလှသေးသောကြောင့် အပေါ်ရောက်

အောင် တက်ရသည် မှာ ခက်ခဲသည် ။

ပင်ပင်ပန်းပန်း တက်ကြရသည် ။ သို့သော် တောင်ထိပ်ပေါ်သို့ ရောက်သွားပြီးသည် နှင့် ပင်ပန်းမှုများ ပြေပျောက်သွားကာ လန်းဆန်းမှုများ ဖြစ်လာတတ်သည် ။

တောင်ကလပ်ထိပ်ပေါ်တွင် (၁၂၁၈) ခုနှစ် နောက်ပိုင်း စေတီများ တည်ခဲ့ကြရာ (၁၃၀၀)ပြည့်နှစ်ရောက်တော့ စေတီများ သာမကပဲ အခြားအဆောက်အဦးများ ပင် ရှိနေကြပြီ ဖြစ်၏။

သို့သော် ယခုမျက်မှောက် အချိန်ကာလကဲ့သို့ ဘုရားဖူးရန်အတွက် တက်ရောက်သူ မများ လှသေးပေ။

နီမောင်မှာ တောင်ထိပ်ပေါ် ရောက်ပြီးနောက် အမောဖြေသည် ။ ပြီးမှ တောင်ထိပ်ဝန်းကျင်သို့ လှည့်ကြည့်သည် ။

တစ်နေရာရောက်တော့ ကိုးတောင်ပြည့် စေတီတစ်ဆူရှေ့တွင် အဓိဌာန်ဝင် ပုတီးစိတ်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည် ။ ယခင်တစ်ခေါက် တွေ့ခဲ့သော အဘိုးအိုပင် ဖြစ်၏။ သူ ရောက်သွားတော့ ပုတီးစိပ်နေသော အဘိုးကြီးက ရပ်လိုက်သည် ။

"မင်း ရောက် လာပြီလား"

"ဟုတ်ကဲ့ ရောက်လာပါပြီ၊ အဘနဲ့ တစ်ခါတွေ့တုန်းက ပြောထားခဲ့လို့ ဒီဘက်ရောက်လာတဲ့ အခါတိုင်း တောင်ကလပ်ကိုတော့ ရောက်အောင်လာပါတယ်၊ ဒါပေမယ့် ..."

"ငါ ပြောထားခဲ့တဲ့ လူထူးလူဆန်းနဲ့ မတွေ့ရသေးတာကို ပြောမှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ချက်ခြင်းတော့ ဘယ်တွေ့ရပ့ါမလဲကွာ၊ လူထူးလူဆန်းဆိုမှ တော့ သာမန်လူတွေလို တွေ့ချင်တိုင်း ဘယ်တွေ့လို့ ရပ့ါမလဲ၊ ထိုက်တဲ့ သူမှ သာ တွေ့ခွင့်ရတော့မပေ့ါ"

နီမောင်က ဘာမှ မပြောပဲ ခေါင်းညိတ်ပြသည် ။

"မြတ်စွာဘုရား ပွင့်ပြီဆိုရင် တစ်ကမ္ဘာလုံးက သိခဲ့ကြတာပဲ၊ ဒါပေမ ယ့် ဖူးတွေ့ထိုက်တဲ့ သူမှ သာ ဖူးတွေ့ရသလိုပေ့ါ၊ မင်းနဲ့ ထိုက်ရင်တော့ တစ်ချိန်ကျရင် ပုပ္ပါးတောင်ကလပ်ကို ရောက်လာမယ့် ပုဂ္ဂိုလ်ထူးနဲ့ မင်း တွေ့ခွင့် ရမှာ ပါ"

ထိုစကားကြောင့်ပင် အမောပြေသွားသကဲ့သို့ ဖြစ် လာပြီး စိတ်ထဲမှ အားရှိသလို ခံစားရလေသည် ။

"မင်းက လူရွယ်တစ်ယောက်ဆိုတော့ တွေ့တုန်း ကြုံတုန်း ပြောစ ရာရှိတာလေးတွေ ပြောရဦးမယ်"

"ပြောပါ အဘ"

"လောကမှာ အခွင့်အရေးဆိုတာ ဘယ်တော့မှ နှစ်ခါမရနိုင်ဘူး၊ ဒါ ပေမယ့် ဘယ်သူ့ဆီကိုမဆို အခွင့်အရေးက တစ်ကြိမ်စီတော့ ရောက် လာပေးလေ့ ရှိတယ်၊ အဲ့ဒီလို ရောက်လာတဲ့ အချိန်မှာ တံခါးပိတ်ပြီး အိပ်မောကျနေတာမျိုး ဘယ်တော့မှ မဖြစ်စေနဲ့ "

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်"

"လူတစ်ယောက်စီကို သေချာပေါက်ရောက်လာကြတဲ့ အရာနှစ်ခု ရှိ တယ်၊ တစ်ခုက အခွင့်အရေးဖြစ်ပြီး ကျန်တစ်ခုကတော့ သေခြင်းတ ရားပဲ"

"ဟုတ်ကဲ့"

"အခွင့်အရေးက သူရောက်လာတဲ့ အချိန်မှာ မင်းအိပ်ပျော်နေရင်တော့ ပြန်လှည့်သွားမှာ ပဲ၊ သေခြင်းတရားကသာ အိပ်ပျော်နေသည်ဖြစ်စေ မပျော်သည် ဖြစ်စေ မင်းကို ခေါ်သွားမှာ ပဲ"

"အဘပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့်အတွက် ရနိုင်မယ့် အခွင့်အရေးတစ်ခုကို ဘယ်တော့မှ အဆုံးရှုံးမခံပါဘူးလို့ အဘကို ကတိပေးပါတယ်"

"သာဓု ... သာဓု ...သာဓု"

နီမောင်က အဘိုးအိုကို ကန်တော့လိုက်သည်။

ထို့နောက် အဘိုးအိုသည် ထိုနေရာမှ ထကာ တောင်ပေါ်၌ ရှိသောစေတီတစ်ဆူနောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

*****